မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တပို့တွဲလကွယ်နေ့၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၄၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ၂၃ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ် နိုင်ငံ၏ (၂၅)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၅)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

သောက်ရေကန် တူးဖော်နေမှု ကြည့်ရှုစစ်ဆေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာတွင် ထူးထရေးဒင်းကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဆိုင်ကလုန်း အကာအကွယ် အဆောက်အအုံဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ရေလွှတ်သက်ကယ်ကုန်းမြင့် တည်ဆောက်နေမှုနှင့် သောက်ရေကန် တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လမ်းကွန်ရက်စီမံကိန်းတွင် ပါဝင်သည့်လမ်းများကို ဒေသနေပြည်သူများ သွားလာနိုင်ရုံသာမက သဘာဝဘေးဒဏ်ဖြစ်ပေါ်လာပါက ရေလွှတ်သက်ကယ်ကုန်းမြင့်များအဖြစ်နှင့် ရေငန်တားတမံကြီးများအဖြစ် ဘက်စုံအကျိုးပြုနိုင်ရေး တည်ဆောက်ပေးလျက်ရှိ

သဘာဝဘေးအန္တရာယ်ကြောင့် လူ့အသက်ဆုံးရှုံးမှုမှ ကာကွယ်တားဆီးနိုင်ရေး Cyclone Shelter အဆောက်အအုံပိုင်းကို မိုးကာလမတိုင်မီပြီးစီးရန် ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းကွန်ရက်စီမံကိန်းလုပ်ငန်းများ၊ Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် ဖေဖော်ဝါရီ၂၁ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ဖျာပုံမြို့သို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ နယ်မြေတာဝန်ခံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

23-2 (01).pmd 1 2/23/2009, 1:12 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်)

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အသုံးပြုဆောင်ရွက်

မြန်မာနိုင်ငံတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလျက်ရှိရာ၌ ခေတ်မီလယ်ယာစနစ်ခေါ် စံပြလယ်ယာစနစ်သို့ ဦးတည်ဖော်ဆောင်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ၏ပင်မစီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် ယှဉ်တွဲချိတ်ဆက်၍ အခြေပြုနေပေသည်။

စိုက်ပျိုးထွက်ကုန်များ ပိုမိုထွက်ရှိရေးအတွက် ရေ၊ မြေ၊ သယံဇာတစွမ်းအားများ အပြည့်အဝဖော်ထုတ်နိုင်ရန်၊ သီးနှံစွမ်းအားတိုးမြှင့်ရန် ခေတ်မီနည်းပညာများကို အသုံးပြုကြရမည်ဖြစ်သည်။

ယခုအခါ လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးသုတေသီများသည် မျိုးကောင်းမျိုးသန့်များ ဆက်စပ်ရှာဖွေဖော်ပေးခြင်း၊ စိုက်စနစ်များ တိုးတက်အောင် သုတေသနရှာဖွေဆောင်ရွက်ခြင်းတို့ကို လုပ်ကိုင်လျက်ရှိသည်။

စက်မှုလယ်ယာစိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စက်မှုလယ်ယာ စံပြစိုက်ပျိုးရေး အထူးဇုန်(၁)၊ အကွက်အမှတ်(၁)၌ ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ နွေစပါးများ စိုက်ပျိုးထားမှု၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်က နွေစပါးစံပြဧက ၅၀စိုက်ခင်း၌ စပါးစိုက်ပျိုးထားမှု၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထူးဇုန်(၂)၌ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်တို့က အထွက်တိုး စပါးများစိုက်ပျိုးထားရှိသည်။

ခေတ်မီစနစ်တကျ စိုက်ပျိုးနည်းစနစ်များကို တောင်သူလယ်သမားများအား သင်တန်းများပို့ချပေးခြင်းဖြင့် စံပြစိုက်ကွင်းကြီးအဖြစ် အောင်မြင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

စပါးအထွက်ကောင်းစေရေးအတွက် ဓာတ်မြေဩဇာပက်ဖျန်းခြင်း၊ ရွက်ဖျန်းအားတိုးဆေးတို့ကို အသုံးပြုခြင်းဖြင့် စပါးအထွက်တိုးမည်ဖြစ်ပြီး အထူးအထွက်ကောင်းစပါးရရှိရန်အတွက် သိပ္ပံနည်းကျ စိုက်ပျိုးမှုနည်းစနစ်များကို အသုံးပြုကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ခေတ်မီလယ်ယာစနစ် အောင်မြင်ရေးအတွက် အထွက်တိုး မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ရာ၌ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို အသုံးပြုခြင်းဖြင့် စပါးအထွက်တိုးပြီး နိုင်ငံတော်အတွက် ကုန်ထုတ်လုပ်မှုများ တိုးမြှင့်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၂-၂၀၀၉ (တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **ဘာကြောင့်ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြသလဲ** တရားတော် (ချမ်းမြေ့ဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ)
၈:၂၀-၂:၂၀ ကြည်ညိုဖွယ်အထူး ဘုရားဖောင်တော်ဦး
၈:၃၅-၂:၃၅ Soccer Update
၈:၅၀-၂:၅၀ နိုင်ငံတကာအနုပညာရေးရာ
၉:၁၀-၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀ Activities in the City စာရေးဆရာအောင်လင်း (၂၅)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနား
၉:၄၅-၃:၄၅ အလှဆင်စရာ ပရိဘောဂကမ္ဘာ (ရွှေပင်ငွေပင်ဦးသန်းထွန်း ပရိဘောဂတိုက်)
၁၀:၀၀-၄:၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅-၄:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀-၄:၁၀ အလှမျိုးစုံလင် တောင်လေ့ကား မြို့တော်တစ်ခွင်
၁၀:၃၀-၄:၃၀ မိုးလေဝသခန့်မှန်းချက်
၁၀:၄၀-၄:၄၀ စားချင်စဖွယ် နည်းအသွယ်သွယ်(ရှန်ဟိုင်းမြို့မှ စွဲမက်ဖွယ်ရာ အစားအသောက်များအကြောင်း)
၁၁:၀၀-၅:၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀-၅:၁၀ Kose အလှကုန်ရဲ့ မိတ်ကပ်လိမ်းခြယ်မှုပြိုင်ပွဲ (ဇန်နဝါရီ ၂၀၀၉)
၁၁:၂၅-၅:၂၅ Biz Net
၁၁:၃၅-၅:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀-၅:၄၀ ဂုန်လျှော်နှင့်ဂုန်လျှော်ထွက်ပစ္စည်းများ
၁၁:၅၅-၅:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀-၆:၀၀ MRTV-4 ကျန်းမာရေးကဏ္ဍ (အသည်းရောင် အသားဝါ ဘီပိုး)ပါမောက္ခ ဒေါက်တာဦးသံစိန်နှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
၁၂:၂၀-၆:၂၀ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (တစ်ခုပညာကိုယ်စီပါ)
၁၂:၃၀-၆:၃၀ Yangon Panorama အ.ထ.က(၁)လသာ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနား
၁၂:၅၀-၆:၅၀ **မီးမီးရဲ့ဆုံးဖြတ်ချက်** နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ နေလ၊ ပြည့်ဖူးခိုင်၊ အောင်ဟိန်း ဒါရိုက်တာ-အောင်မိုး(ပဲရစ်)
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၅	Hull City-Tottenham	ESPN (Live)

နေပြည်တော် မြန်မာ့အသံ

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)
(၂၄-၂-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် (မောရသုတ်+ ဝဋ္ဋသုတ်)
မဓမ္မပူဇာတေးပဒေသာ
၇:၂၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင်(ယခု)
၈:၄၀ တေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (မုန့်ဟင်းထုပ်)
၁၀:၅၅ တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ (Talk on line) (ဟန်ထွန်း)
၁၁:၅၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန်
တူယှဉ်သီကြွေး စုံတွဲတေး
၁၂:၃၀ အလုပ်အကိုင်အခွင့်အလမ်း (ဗဟိုဘဏ်)
၁၂:၄၀ ဟာဒယရွှင်ဆေး (လူရွှင်တော် လေးမောင်နှင့်အဖွဲ့)
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီ-သမိုင်းတတ်ကျွမ်းမှု)
၁၃:၂၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (အလိမ္မာကိုယ်မှာရှိသည်)
၁၆:၃၀ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအထောက်အကူပြု သင်ခန်းစာ(ရူပဗေဒ)
၁၇:၀၀ မေတို့တွက်တာ အလှကမ္ဘာ (နေရောင်ခြည်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှု)
၁၇:၁၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ညနေခင်းတေးပဒေသာ
၁၈:၃၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁) မြတ်စွာဘုရား၏ ဥဒါန်းစကားများ-ဦးသော်ဇင် (၂) မဃဒေဝလင်္ကာသစ်ကြီး အနှစ်ချုပ်စကားပြေ-ဦးဝမ်ထိန်
၁၈:၄၅ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ ဇာတ်လမ်းပမာနားဆင်စရာ (သွားတစ်ချောင်း၏ ကောက်ကြောင်းရာ)
၁၉:၂၀ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ တေးစီးရီး(အမြတ်နိုးဆုံးမင်း)စုမီ စီးပွားရေးဦးတည်ချက်
၂၀:၄၀ တေးပဒေသာ
၂၁:၀၀ ချမ်းမြေ့သာယာသီရိဂေဟာ (အလိုလိုက်လွန်းနေသူလား)
၂၁:၁၀ ခံစားနားဆင်တေးဂန္ထဝင် လူမှုရေးဦးတည်ချက်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

မလိခမြစ်ကူး ကောင်းမှုလုံ ဂျစ်ကားကူး ကြိုးတံတားတည်ဆောက်မှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကချင်ပြည်နယ် ပူတာအိုမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၇နာရီခွဲက ပူတာအိုမြို့နယ်ရှိ ထဝါဒမ်းတပ်နယ်ကို ကြည့်ရှုစစ်ဆေးပြီး ထဝါဒမ်းကျေးရွာအနီး၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် မလိခမြစ်ကူး ကောင်းမှုလုံ ဂျစ်ကားကူး ကြိုးတံတားလုပ်ငန်းခွင်သို့ ရောက်ရှိကာ ကြိုးတံတားတည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

သွားလာနိုင်မည်

အဆိုပါ ကြိုးတံတားပြီးစီးပါက ပူတာအို-ထဝါဒမ်း-ကောင်းမှုလုံ-နန့်ခမ်း-မချမ်းဘော-နောင်မွန်းတို့ကို ကားလမ်းတစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် စက်ရေယာဉ်ငယ်များဖြင့် မလိခမြစ်ကြောင်းဝဲယာတစ်လျှောက်ရှိ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပမှု အခြေအနေနှင့် မြစ်ကြောင်းစီးဆင်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး မချမ်းဘောမြို့နယ် ဂူဘားခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ပေးအပ်လှူဒါန်း

တွေ့ဆုံပွဲအခမ်းအနားတွင် ပြည်နယ်ပညာရေးမှူးက ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက စာအုပ်စာစောင်များကို လည်းကောင်း၊ ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ခေါက်ဆွဲခြောက်ထုပ်များကိုလည်းကောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာက ငွေကျပ်သိန်း၁၀၀ကို လည်းကောင်း၊ တိုင်းမှူးက အိမ်သုံးဆားများကိုလည်းကောင်း၊ ဗိုလ်ချုပ်အုန်းမြင့်က အဝတ်အထည်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် မချမ်းဘောတပ်နယ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မချမ်းဘောမြို့နယ်နှင့် ပူတာအိုမြို့နယ် နောင်ခိုင်ကျေးရွာတို့ကို ဆက်သွယ်သည့် မလိခကြိုးတံတား၏ ကွဲ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မချမ်းဘော-ပူတာအိုလမ်းပိုင်း ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးသည်။

(သတင်းစဉ်)

ပညာရည်ချွန်ဆု

ဖေဖော်ဝါရီ ၇ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၃) အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ဒုတိယတန်းမှ ပထမဆုရ မောင်စည်သူခန့်ကျော်အား ကျောင်းအုပ်ဆရာကြီး ဦးသန်းဌေးက ဆုချီးမြှင့်စဉ်။ (ပညာရေး)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံမြို့နယ် အမာမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်ထားသည့် အခြေခံ အိမ်တွင်းမှုသင်တန်းသို့ရောက်ရှိကြပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ဒေသနေလူငယ်လူရွယ်များအား အသက်မွေးဝမ်းကျောင်းပညာရပ်များကို စနစ်တကျ သင်ယူတတ်မြောက်စေရေးအတွက် ယခုကဲ့သို့ အခြေခံ အိမ်တွင်းမှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ဆက်လက်၍လည်း စက်မှုလက်မှုသင်တန်းကျောင်းများကို သင့်လျော်သည့်နေရာများ၌ ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသူများ အနေဖြင့်လည်း မိမိတို့တက်ရောက်နေသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင် လေ့ကျင့်သင်ယူကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမှတ်စဉ်(၁)သင်တန်းသူများ၏ စက်ချုပ်ပညာသင်ယူနေမှု၊ သိုးမွေးထိုးပညာသင်ယူနေမှုနှင့် သင်တန်းသူများ ချုပ်လုပ်ထားသော အဝတ်အထည်များကို ကြည့်ရှုအားပေးပြီး သင်တန်းတာဝန်ခံထံ အပ်ချုပ်စက်နှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ ဦးအောင်ဇော်မြင့်နှင့်ဇနီး ဒေါက်တာမြတ်မြတ်အုန်းခင်တို့က အပ်ချုပ်စက် ၁၀လုံးကို သင်တန်းတာဝန်ခံထံ ပေးအပ်လှူဒါန်းကြသည်။

သင်ကြားပေး

အဆိုပါ သင်တန်းသို့ ဖျာပုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ၆၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ပတ် ကြာမြင့်မည်ဖြစ်သည်။ သင်တန်း၌ စက်ချုပ်၊ဇာထိုးပန်းထိုး၊ အချက်အပြုတ်နှင့် မုန့်လုပ်နည်းပညာများကို သင်ကြားပေးမည်ဖြစ်ကြောင်းသိရှိရသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့ ဘိုကလေးပညာရေးကောလိပ်၌ ဖွင့်လှစ်ထားသည့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁)သင်တန်း၌ သင်တန်းသူများ အစားအစာချက်ပြုတ်မှု သင်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံမြို့ရှိ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁)မှ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် ရွှေရတုရိပ်သာ၌ ဧရာဝတီတိုင်းအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းက ဘိုကလေး- စက်ဆန်း-ထော်ပိုင်-အမာလမ်း ၃၉မိုင် ၂ဖာလုံ ဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ ဖျာပုံ-ကျုံကဒွန်း-အမာလမ်းအဆင့်မြှင့် ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုက အဆိုပါလမ်းများသို့ သွားရောက်စစ်ဆေးရာတွင် တွေ့ရှိမှုအခြေအနေများကို ဖြည့်စွက်တင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပံ့ပိုးညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆင့်မြှင့်တင်ဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာတွင် နိုင်ငံတော်အကြီးအကဲက ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ခံကြရသည့် ဒေသများ၌ နောင်သဘာဝဘေးအန္တရာယ်များပေါ်လာပါက အသက်အိုးအိမ်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း၊ လပွတ္တာ-သင်္ကန်းကြီး-ပြင်စလူလမ်း၊ ဘိုကလေး-ကြိမ်ချောင်း- ကဒုံကနိလမ်းနှင့် လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း လမ်းကွန်ရက်များကို ဖောက်လုပ်သွားရန် လမ်းညွှန်ခဲ့သဖြင့် အဆိုပါ လမ်းကွန်ရက်စီမံကိန်းများကို အင်တိုက်အားတိုက် ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းကိုပါ ထပ်မံ၍ အသစ်ဖောက်လုပ်ပေးသွားရန်နှင့် ဖျာပုံ-ကျုံကဒွန်း- ဒေါ်ညိမ်း-အမာလမ်းကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လမ်းညွှန်ခဲ့ကြောင်း။

လမ်းကွန်ရက်စီမံကိန်းတွင်ပါဝင်သည့် လမ်းများကို ဖောက်လုပ်ရာတွင်လည်း ဒေသနေပြည်သူများ ကူးလူးဆက်သွယ်သွားလာရုံသက်သက်မျှသာမကဘဲ နောင်သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ရေလွတ်သက်ကယ်ကုန်းမြင့် Hillock များအဖြစ်လည်းကောင်း၊ အချို့နေရာများ၌ ရေကန်တားတမံကြီးများအဖြစ်လည်းကောင်း ဘက်စုံအကျိုးပြုသွားနိုင်ရန် တည်ဆောက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် အဆိုပါ လမ်းကွန်ရက်များကို လာမည့် မိုးကာလမတိုင်မီ အနည်းဆုံးမြေမာလမ်းများအဖြစ် စတင်အသုံးပြုနိုင်အောင် ဖောက်လုပ်ပေး သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒဂုန်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က ဆောက်လုပ် လှူဒါန်းသည့် တိုးချဲ့ခုတင် ၂၀၀ဆံ့ ဆေးရုံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဖျာပုံမြို့မှ ထွက်ခွာ၍ ဖျာပုံ- ဒေါ်ညိမ်း-အမာလမ်း ဖောက်လုပ်ပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဖျာပုံမြို့နယ် အမာမြို့သို့ ရောက်ရှိကြသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမာမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဆောက်လုပ်လှူဒါန်းသည့် ပေ(၁၅၀×၃၀) ရှိ ကျောင်းဆောင်၊ ပြည့်ဖြိုးကျော်ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသည့် ပေ(၆၀×၃၀)ရှိ ကျောင်းဆောင်နှင့် Total ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် ပေ(၁၂၀×၃၀)ရှိ ကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် စက်မှုလက်မှု အထက်တန်း ကျောင်းဖွင့်လှစ်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒဂုန်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က တာဝန်ယူ တည်ဆောက်သည့် ဆိုင်ကလုန်းအကာအကွယ် အဆောက်အအုံစီမံကိန်းသို့ ရောက်ရှိရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းအောင်က Cyclone Shelter ဆောက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က Cyclone Shelter များကို သာမန်အချိန်တွင် စာသင်ဆောင်များအဖြစ် အသုံးပြုနိုင်ရေးအတွက် အခန်းဖွဲ့စည်း တည်ဆောက်သွားရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမာမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာဆောင်၊ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဆေးခန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

23-2 (03).pmd 1 2/23/2009, 1:12 AM

အိုဘားမားအပေါ် ပြည်သူထောက်ခံမှု တစ်လအတွင်း အနည်းငယ်လျော့ကျသွားခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၂၂

အမေရိကန်သမ္မတ အိုဘားမားမှာ အိမ်ဖြူတော်သို့ရောက်ရှိကာ သမ္မတ တာဝန်ထမ်းဆောင်မှု တစ်လပြည့်သည့် အခါတွင် ပြည်သူထောက်ခံမှု ယခင်ကထက် အနည်းငယ်လျော့နည်းသွားကြောင်း ဖေဖော်ဝါရီ ၂၀ရက်က ထုတ်ပြန်သည့် ပြည်သူ့သဘောထား စစ်တမ်းအရ သိရသည်။

ဖော်ပြ

သမ္မတအိုဘားမားအပေါ် ပြည်သူ့ထောက်ခံမှုမှာ လွန်ခဲ့သည့် ၁၁ရက်က ထုတ်ပြန်သော နောက်ဆုံး ပြည်သူ့သဘောထားစစ်တမ်းပါ ထောက်ခံမှုပမာဏထက် ၉ရာခိုင်နှုန်းလျော့ကာ ယခုအခါ ၆၇ ရာခိုင်နှုန်းသာရှိတော့ကြောင်း ဖော်ပြပါရှိသည်။

ကျဆင်း

စီအင်န်အင်န်၏ နောက်ဆုံးစစ်တမ်းအရ သမ္မတအိုဘားမားအပေါ် ဒီမိုကရက်တစ်ပါတီဝင်များ၏ထောက်ခံမှုမှာ ၉၆ရာခိုင်နှုန်းမှ ၉၂ရာခိုင်နှုန်းအထိ ကျဆင်းပြီး ရီပတ်ဘလီကင်ပါတီဝင်များ၏ ထောက်ခံမှုမှာ ၅၀ရာခိုင်နှုန်းမှ ၃၁ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရသည်ဟု ဆို၏။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကန်လေတပ်စခန်း ပိတ်ပင်ရန် ကာဂျစ္စတန်အစိုးရ တောင်းဆို

အယ်မာတီ ဖေဖော်ဝါရီ ၂၂

အမေရိကန်နိုင်ငံအနေဖြင့် ကာဂျစ္စတန်နိုင်ငံရှိ မာနတ်စစ်ဘက်လေတပ်စခန်းကို ပိတ်ပြီး တပ်ဖွဲ့ဝင်များကို ရက်ပေါင်း ၁၈၀အတွင်း တိုင်းပြည်မှထွက်ခွာ ရုပ်သိမ်းပေးရန် တောင်းဆိုသည့် တရားဝင် နှိုးဆော်ချက်တစ်စောင်ကို ကာဂျစ္စတန် နိုင်ငံခြားရေးဝန်ကြီး ဆာဘာယက်ဗ်က အမေရိကန်သံအမတ်ကြီး တာတီယာနာဖဲလားထံ ဖေဖော်ဝါရီ ၂၀ ရက်က ပေးအပ်လိုက်သည်။

အတည်ပြု

အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန်တို့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်မှုများအတွက် အသုံးပြုသည့် မာနတ်စစ်ဘက်လေတပ်စခန်း ပိတ်ပင်ရေးဥပဒေကို ကာဂျစ္စတန်သမ္မတ ကာမန်ဘက်ဘကီယက်ဗ်က ဖေဖော်ဝါရီ၂၀ရက် စောစောပိုင်းတွင် လက်မှတ်ရေးထိုးလိုက်သည်။ ထိုဥပဒေကြမ်းကို ကာဂျစ္စတန် ပါလီမန်က ဖေဖော်ဝါရီ ၁၉ရက်က အတည်ပြုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**





ရှင်ကန်ဆင် ကျည်ဆန်ရထား

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ ကမ္ဘာတစ်ဝန်းသို့ ဆက်သွယ်ထားသော တိုက်ဖြတ်ကျော် ရထားလိုင်းတွင် ပြေးဆွဲလျက်ရှိသည့် ရှင်ကန်ဆင် ကျည်ဆန်ရထားကို ဂျပန်နိုင်ငံ တိုကျိုမြို့အနီး၌ ဖေဖော်ဝါရီ ၂၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန် အနောက်မြောက်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်မှု ၁၂ ဦးသေဆုံး၊ အများအပြားဒဏ်ရာရ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၂

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ မြို့တစ်မြို့၌ သေနတ်သမားများ ပစ်ခတ်သဖြင့် သေဆုံးခဲ့ရသည့် ရှီးယိုက်မွတ်ဆလင် တစ်ဦး၏ အသုဘအခမ်းအနားကျင်းပနေစဉ် ဖေဖော်ဝါရီ ၂၀ရက်က အသေခံဗုံးဖောက်ခွဲမှုကြောင့် ၁၂ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

စစ်သွေးကြွ ဆွန်နီမွတ်ဆလင်များနှင့် ရှီးယိုက်အုပ်စုများအတွင်း ဂိုဏ်းဂဏဆန်စွာ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အိန္ဒိယမြစ် ကမ်းနဖူးပေါ်ရှိ ဒီရာအစ္စမေးလ်ခန်မြို့နှင့် ဝါဇီရစ္စတန်ဒေသတို့တွင် ယင်းဒုက္ခကိုခံစား နေကြရသည်။

ရှီးယိုက်မွတ်ဆလင်တစ်ဦး၏ အသုဘ အခမ်းအနားတွင် အသုဘပို့ဆောင်သူများ ဖြတ်သန်းသွားစဉ် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ သည်ဟု ယင်းဒေသမှထိပ်တန်းအုပ်ချုပ်ရေး အရာရှိ မိုဆင်ရှားက ပြောကြားသည်။ အသေခံ ဗုံးဖောက်ခွဲသူ၏ အလောင်းမှ အစအနများ တွေ့ရှိခဲ့ရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

သေနတ်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှု ထိုင်းတောင်ပိုင်းတွင် တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဗန်ကောက် ဖေဖော်ဝါရီ ၂၂

ထိုင်းနိုင်ငံတောင်ပိုင်း တည်ငြိမ်မှု မရှိသော ယာလာပြည်နယ်၌ ဖေဖော်ဝါရီ ၂၀ရက်က လက်နက်ကိုင် အကြမ်းဖက် သမားများ၏ တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း ရဲအရာရှိ တစ်ဦးက ပြောကြားသည်။

သေဆုံး

အဆိုပါတပ်ဖွဲ့ဝင်နှစ်ဦးသည် ယာလာ ပြည်နယ်ရှိ ကျောင်းသွားကျောင်းလာ ဆရာ ဆရာမများအား ဆိုင်ကယ် စီးနင်းကာ လိုက်လံစောင့်ရှောက်နေစဉ် ပစ်သတ်ခံရ ခြင်းဖြစ်သည်။ ယာလာပြည်နယ်သည် မတည်မငြိမ်ဖြစ်နေသည့် ပြည်နယ်သုံးခု တွင် အပါအဝင်ဖြစ်ပြီး ယင်းပြည်နယ်များ တွင် လွန်ခဲ့သော ၂၀၀၃ခုနှစ် ကတည်းက ယနေ့အထိ အကြမ်းဖက်တိုက်ခိုက်ခံရမှု ကြောင့် လူပေါင်း၃၀၀၀ကျော် သေဆုံးခဲ့ ကြရပြီ ဖြစ်သည်။

ပြောကြား

သေနတ်သမား၁၀ဦးတို့က တပ်ဖွဲ့ဝင် အုပ်စုကို ချုံခိုတိုက်ခိုက်ခဲ့မှုကြောင့် တပ်ဖွဲ့ ဝင်နှစ်ဦး သေဆုံးခဲ့ရကြောင်း၊ ထို့နောက် ယင်းသေနတ်သမားက တပ်ဖွဲ့ဝင်များ၏ သေနတ်များ၊ ကျည်ကာအင်္ကျီများကို ယူဆောင်သွားခဲ့ကြကြောင်း ယင်းအရာရှိ က သတင်းထောက်များအား ထုတ်ဖော် ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရန်ယူရေနီယံသန့်စင်မှု လက်နက်ထုတ်ရေးအထိ မကြိုးပမ်း

ဗီယင်နာ ဖေဖော်ဝါရီ ၂၂

အီရန်နိုင်ငံအနေဖြင့် ယူရေနီယံများ ကို အဆင့်နိမ့်မှ အဆင့်မြင့်လက်နက် ထုတ် လုပ်နိုင်သည့် အဆင့်ရောက်အောင် သန့်စင် ရေး ကြိုးပမ်းလျက်ရှိသည်ကို ယင်း၏ စစ်ဆေးရေးမှူးများက မတွေ့ရကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)မှ ကြေညာချက်ကို အေပီ သတင်းဌာနက ဖေဖော်ဝါရီ ၂၀ရက်တွင် ထုတ်ပြန် ကြေညာသည်။

ယခုအချိန်အထိ အီရန်နိုင်ငံသည် သက်ဆိုင်ရာ အတည်ပြုရေး အပိုင်းတွင် မိမိတို့နှင့် ကောင်းစွာပူးပေါင်းဆောင်ရွက် ကြောင်း အိုင်အေအီးအေက ကြေညာသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံမြောက်ပိုင်းတွင် ကျောက်မီးသွေးတွင်း၌ ဓာတ်ငွေ့ပေါက်ကွဲ မိုင်းလုပ်သား ၇၄ဦးသေဆုံး၊ ၁၄၀ ကယ်တင်နိုင်ခဲ့

တိုင်ယွမ် ဖေဖော်ဝါရီ ၂၂

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်တွင် ဖေဖော်ဝါရီ ၂၂ရက်က ဖြစ်ပွားခဲ့သော ကျောက်မီးသွေးတွင်း၌ မတော်တဆပေါက်ကွဲမှုတွင် သေဆုံးသူမှာ ၇၄ ဦးရှိသွားပြီ ဖြစ်ကြောင်း ကယ်ဆယ်ရေးလုပ်သားများက အတည်ပြုပြောကြားသည်။

ဖော်ပြ

အဆိုပါ မတော်တဆမှုသည် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၂နာရီက ၄င်းပြည်နယ် မြို့တော်တိုင်ယွမ်အနီး ဂူချီယာအိုမြို့ရှိ တန်လန်ကျောက်မီးသွေးမိုင်းတွင် ဖြစ်ပွားခဲ့ကြောင်း၊ ယင်းသို့ ဖြစ်ပွားစဉ် မြေအောက်၌ မိုင်းတွင်းလုပ်သား ၄၃၆ ဦး အလုပ်လုပ်နေကြကြောင်း သတင်း၌ ဖော်ပြသည်။

ကယ်တင်

ယင်းပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မိုင်းလုပ်သား ၁၄၀ ကို ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အသက်ရှင်

မိုင်းတွင်း၌ ပိတ်မိနေသော မိုင်းလုပ်သားအချို့က လက်ကိုင်ဖုန်းများဖြင့် ၄င်းတို့ မြေအောက်၌ အသက်ရှင်လျက်ရှိနေသည်ကို ဆွေမျိုးများထံ အကြောင်းကြားခဲ့ကြောင်း ၄င်းတို့၏ ဆွေမျိုးများက ပြောကြားသည်။

ပိတ်မိနေ

ယနေ့အထိ ကယ်ဆယ်ရေးဝန်ဆောင်မှုအဖွဲ့ ခုနစ်ဖွဲ့မှ ကယ်ဆယ်ရေးလုပ်သား ၅၇ ဦးက မိုင်းတွင်းထဲ၌ ပိတ်မိနေသောလုပ်သားများအား ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိသည်။ အခင်းဖြစ်အရပ်တွင် လူနာတင်ယာဉ် ၄၀ ကျော်ကိုလည်း ခေါ်ယူထား ရှိသည်။ **(အင်တာနက်)**

လေကြောင်းစွမ်းရည်ပြပွဲ

အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပသည့် လေကြောင်းစွမ်းရည် ပြပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဆောင်းရာသီ ဖက်ရှင်ပြပွဲ

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ၂၀၀၉ ခုနှစ် ဆောင်းရာသီ ဖက်ရှင်ပြပွဲ၌ ဖက်ရှင်မယ် တစ်ဦး၏ ဝတ်စား ဆင်ယင်မှုကို ဖေဖော်ဝါရီ ၂၂ ရက်ကတွေ့ရစဉ်။

(အင်တာနက် ဓာတ်ပုံ)

အော်ရီဂွန်မှ စာသင်ကျောင်းနှစ်ကျောင်း ခြိမ်းခြောက်ခံရ၍ ရွှေ့ပြောင်း

ဆန်ဖရန်စစ္စကို ဖေဖော်ဝါရီ ၂၂

ဗုံးခွဲတိုက်ခိုက်မည်ဟူသော ခြိမ်းခြောက်မှုကြောင့် အော်ရီဂွန်ပြည်နယ်တွင် အာဏာပိုင် များက စာသင်ကျောင်း တစ်ကျောင်းကို ဖေဖော်ဝါရီ ၂၀ရက်၌ ရွှေ့ပြောင်းလိုက်ကြောင်း ဒေသခံ သတင်းစာများက ဖော်ပြသည်။

ပြောင်းရွှေ့

အလားတူ ခြိမ်းခြောက်မှုကြောင့် ဖေဖော်ဝါရီ ၁၉ရက်ကလည်း ထိုဒေသမှ စာသင် ကျောင်းတစ်ကျောင်းကို အခြားသို့ ပြောင်းရွှေ့ခဲ့ရသည်။ ဖေဖော်ဝါရီ ၂၀ရက်အထိ ထိုကျောင်းကို ပိတ်ထားရဆဲဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ — *တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း*

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကော့မှူးမြို့နယ် ထမ္ဘနိုင်ကျေးရွာ အထက်တန်းကျောင်းခွဲတွင် ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကော့မှူးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဖေဖော်ဝါရီ ၁၉ရက် နံနက် ၈နာရီက ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကော့မှူးမြို့နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးသည် အမှတ်(၂) ရေနုတ်မြောင်းကို ကြည့်ရှုစစ်ဆေးပြီး ထမ္ဘနိုင်ကျေးရွာ၌ ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ကျေးလက်စာဖတ်ဝိုင်းကို ကြည့်ရှုအားပေး၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး ကော့မှူး၊ ထမ္ဘနိုင်၊ ဝါးဘလောက်သောက်လမ်း မြေဖို့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် အလှူရှင်တို့က ကျေးရွာစာကြည့်တိုက်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံအတွက် ပန္နက်ရိုက်ပေးကြသည်။ ဆက်လက်၍ တိုင်းမှူး၊ အလှူရှင်နှင့် တာဝန်ရှိသူများသည် ကျေးရွာအထက်တန်းကျောင်းခွဲကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ၄က်အော်စမ်းလူငယ်သင်တန်းကျောင်းသို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းကျောင်းနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် သင်တန်းသားလူငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ပံ့ပိုးဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးသည် လှိုင်သာယာမြို့နယ် အောင်ဇေယျတံတား ချဉ်းကပ်လမ်း ၃မိုင် ၁ဖာလုံအတွင်း ကတ္တရာထပ်ပိုးလွှာလောင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များ မှာကြားပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၈ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲဆုချီးမြှင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌဦးအောင်ဆွေက အမျိုးသားပြိုင်ပွဲ၌ ပထမဆုရရှိသော တောင်သူကုန်းရပ်ကွက်မှ မောင်ဖွဲ့ပြည့်ထွန်း အား ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ဖျာပုံမြို့နယ်ရှိ ကျေးရွာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းက ဖျာပုံမြို့နယ် မော်ဘီကျေးရွာ၌ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မော်ဘီကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကိုလည်းကောင်း၊ ကျေးရွာအတွင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့(IOM)နှင့် ကျေးလက်နေပြည်သူများ ပေါင်းစပ်ဆောက်လုပ်သော လူနေအိမ်ဆောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ငွေပေးအပ်

ယင်းနောက် ဝန်ကြီးသည် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အခြေခံအိမ်တွင်းမှု သင်တန်းကို ကြည့်ရှုအားပေးပြီး သင်တန်းသူများနှင့် နည်းပြများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က သင်တန်းသူများအတွက် နှီးဆီ၊ ဆပ်ပြာ၊ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်းနှင့်မျက်နှာသုတ်ပဝါများ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်၊မြို့နယ်နှင့် ကျေးရွာဥက္ကဋ္ဌများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းများ ဈေးရောင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဂမုန်းပွင့်ကုမ္ပဏီလီမိတက်နှင့် ထိုင်းနိုင်ငံပြည်ပပို့ကုန် မြှင့်တင်ရေးဌာန (**Department of Export Promotion**)တို့ ပူးပေါင်းကျင်းပသည့် ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော် (**Made in Thailand Festival**) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ဂမုန်းပွင့် **Shopping Mall** တွင် ကျင်းပရာ ဂမုန်းပွင့်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံး စီးပွားရေးကောင်စစ်ဝန် **Mr. Prajuap (P.J) Supinee** နှင့် ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားကို **DEP** မှ **Deputy Director General Piramol Charoenpao** က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အထူးဈေးနှုန်းဖြင့်ရောင်းချပေးမည်

အထူးဈေးရောင်းပွဲတော်ကို ဂမုန်းပွင့် **Shopping Mall** တွင် ယနေ့မှ မတ် ၂ရက်အထိ ဖွင့်လှစ်ကျင်းပပြီး ထိုင်းနိုင်ငံမှ ထုတ်လုပ်သော အဝတ်အထည်၊ လူသုံးအိမ်သုံး၊ အလှကုန်နှင့် စားသောက်ကုန်ပစ္စည်းအမျိုးပေါင်း ၆၀ကျော်ကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

ကံစမ်းရယူနိုင်

ပွဲတော်ကာလအတွင်း သတ်မှတ်အရောင်းကောင်တာများတွင် ထိုင်းနိုင်ငံထုတ်ပစ္စည်း ကျပ်သုံးသောင်းကျော်ဖိုးအထက် ဝယ်ယူပါက ချက်ချင်းဗလာမပါ ကံစမ်းမဲဖောက်၍ တီဗွီ နှင့် အိမ်သုံးပစ္စည်းများကို လက်ဆောင်ပေးအပ်မည်ဖြစ်သည့်အပြင် ကံစမ်းမဲဖွင့်ပြီးပါက သတ်မှတ်ထားသော ကူပွန်များတွင် အမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်များဖြည့်စွက်ပြီး မဲပုံးထဲသို့ ထည့်ပေးခဲ့ရုံဖြင့် ရန်ကုန်-ဗန်ကောက်-ရန်ကုန်အသွားအပြန် လေယာဉ်လက်မှတ်သုံးစောင်ကိုပါ ကံစမ်းရယူနိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

၂၀၀၇ ခုနှစ်အတွက် အကယ်ဒမီငါးဆုရ ကိုးဆယ်ဆသာလိမ့်မယ် ဇာတ်ကားကြီး ပြန်လည်ရုံတင်

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မကြည့်လိုက်ရသေးသူများအတွက် မကြည့်လိုက်ရမရှိရလေအောင် ၂၀၀၇ ခုနှစ်အတွက် အကယ်ဒမီငါးဆုရ ကိုးဆယ်ဆသာလိမ့်မယ် ဇာတ်ကားကြီးမှာ ရွှေ့ဆောင်ရုံတွင် ပြန်လည်ရုံဝင်လာသည်။

အကောင်းဆုံး ဇာတ်ကားဆု၊ ဒါရိုက်တာဆု၊ အမျိုးသားဇာတ်ဆောင် ဆု၊ အမျိုးသားဇာတ်ပို့ဆု၊ တေးဂီတဆုများကို တစ်ကားတည်းသိမ်းကျုံးယူသွားသော ကိုးဆယ်ဆသာလိမ့်မယ် ဇာတ်ကားမှာ ဒါရိုက်တာ မောင်ယဉ်အောင်၏ စင်တင်ဇာတ်လမ်း ဇာတ်ညွှန်းကားကြီးဖြစ်သည်။ တိမ်ကောစပြုနေပြီဖြစ်၍ ယနေ့လူငယ်လူရွယ် အတော်များများ မသိမီလိုက်သော မြန်မာ့ကျေးလက်လယ်ယာလုပ်ငန်းခွင်မှ ပုန်းမကြည်တင်ပွဲနှင့် ကျေးတောသူလုံမပျိုတို့၏ ရိုးသားဖြူစင်မှုကို ဖော်ကျူးထားသည်။ မိဘမောင်ဖွား ဆွေမျိုးဉာတကာများ၏ စောင့်ရှောက်မှုကို ခံယူရသဖြင့် ဘဝမှာ လုံလုံခြုံခြုံ နေထိုင်ရခြင်း၊ ယဉ်ယဉ်ကျေးကျေး လုံခြုံအောင် ဝတ်စားဆင်မြန်းရသဖြင့် လုံမလေးဟု အမြတ်တနိုး တင်စားခေါ်ဝေါ်ခြင်းခံရသော မြန်မာ့ကျေးလက် မိန်းမပျိုလေးတို့၏ အပျိုရည်ဂုဏ်ကို တန်ဖိုးထား ထိန်းသိမ်းရပုံများကို ဇာတ်လမ်းနှင့် အံဝင်ခွင်ကျရိုက်ကူး တင်ပြထားသော ဇာတ်ကားဖြစ်သည်။ အကယ်ဒမီဆုနှင့် ထိုက်တန်သော ဇာတ်ကားကောင်း တစ်ကားမို့ မကြည့်လိုက်ရသေးသူများ ဆက်ဆက် ကြည့်ဖြစ်အောင် ကြည့်လိုက်စေချင်ပါသည်။

ခယ်မအမြန်အစွံထုတ်ရန်ရှိသည်

ကျော်ရဲအောင်၊ ဗေလုဝ၊ လျှမ်းပြည့်၊ စိုးမြတ်သူဇာတို့ အဓိက ပါဝင်ထားသော **ဒီဝါကျွတ်အမီ ခယ်မအမြန်အစွံထုတ်ရန်ရှိသည်**ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် တတိယပတ်မြောက် ဆက်လက်ပြသနေဆဲ ဖြစ်သည်။

အိမ်ထောင်ရေးရိုက်ချက်

မိုက်မိုက်(ပြည်)၏ ဇာတ်လမ်းကို ဩရသဇာတ်ညွှန်းခွဲပြီး ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးသည့် **အိမ်ထောင်ရေးရိုက်ချက်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ မဟာမြိုင်၊ ရွှေရတနာ၊ ရွှေလဝင်း ရုံများတွင် ရုံဝင်လာသည်။ မိန်းမကို ဘာကြောင့် ရှေ့တန်းတင်နေရတာလဲ၊ အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားဖြစ်ပါလျက်နဲ့ မိန်းမထဘီ အလံထူတာကို ခံရရင် မင်းယောကျ်ားဖြစ် ရှုံးပြီလို့ဆိုသည့် **အိမ်ထောင်ရေးရိုက်ချက်**တွင် လျှမ်းထက်၊ မေကဗျာ၊ ဇော်ဦး၊ ခင်စိုးပိုင်တို့အဓိက ပါဝင်ထားသည်။

ဒီဝါကျွတ်အမီ ခယ်မအမြန် အစွံထုတ်ရန်ရှိသည် ဇာတ်ကားမှ ဗေလုဝနှင့် စိုးမြတ်သူဇာ။

နိုင်ငံခြားဇာတ်ကား

မင်းသားကီနူးရိဗ်နှင့် မင်းသမီးဂျနီဖာတို့ ပါဝင်ထားသော The Day The Earth Stood Still ဇာတ်ကားမှာ နေပြည်တော်ရုံတွင် ပြသနေဆဲဖြစ်သည့် အက်ရှင်မင်းသား အက်ရှေးကူးမား၊ မင်းသမီး မဟီမာချောင်ဒရီတို့ အဓိက ပါဝင်ထားသည့် **Khiladi 420** အိန္ဒိယဇာတ်ကားမှာ တန်းမြင့်မြို့မရုံတွင် ကြည့်ကြရမည်ဖြစ်သည်။

ကားသစ်ရုံဝင်လာ

မင်းသားချော ဆူနီးရှက်သီးနှင့် မင်းသမီး ရှားဖားရှက်သီးတို့ နှစ်ကိုယ်ခွဲ ပါဝင်သရုပ်ဆောင်ထားသော **Prithivi** အိန္ဒိယဇာတ်ကားမှာ မြို့လယ်ဆုထူးပန်ရုံတွင် ရုံဝင်လာသည်။ ဘုရင့်ရုံတွင် ရာဟူးကန်နား၊ မင်းသမီး အမီရှာပတေးတို့ပါဝင်သည့် **Elaan** အက်ရှင်ဇာတ်ကားသစ် ရုံဝင်လာသည်။ ။ **(မြန်မာ့အလင်း)**

လှိုင်သာယာမြို့နယ် အောင်ဇေယျတံတားချဉ်းကပ်လမ်း ၃မိုင်၁ဖာလုံအတွင်း ကတ္တရာထပ်ပိုးလွှာခင်း

ဖျာပုံမြို့နယ် မော်ဘီကျေးရွာတွင် ကုလသမဂ္ဂ(IOM)နှင့် ကျေးလက်ပြည်သူများ လူနေအိမ်များ ပေါင်းစပ်ဆောက်လုပ်နေ

လပွတ္တာနှင့်ဘိုကလေး လမ်း၊ တံတားများ၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ရက် နံနက် ၉နာရီက လပွတ္တာမြို့နယ် ကိုင်းသောင်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသောက်သုံးရေအတွက် တူးဖော်ထားသည့် စက်ရေတွင်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သောက်သုံးရေ ဖူလုံပိုလျှံအောင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ (အပေါ်ပုံ)

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် ကိုင်းသောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံများအားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားကာ ကျေးရွာစာသင်ကျောင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကလေးလူငယ်ဖွံ့ဖြိုးရေးကျောင်းနှင့် ကျေးရွာအတွင်း ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေများကို လည်းကောင်း၊ ကိုင်းသောင်ကျေးရွာသစ် တည်ဆောက်မည့် မြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘိုကလေး မြို့နယ် ဧရာကျေးရွာရှိ ကဏန်းပျော့ မွေးမြူရေးစခန်းသို့ ရောက်ရှိကြရာ ဧည့်ခန်းမ၌ ခိုင်မာသော ချစ်ကြည်ရေးဈေးကွက် ကုမ္ပဏီလီမိတက်မှ မန်နေဂျာက ကဏန်းပျော့များ စမ်းသပ်မွေးမြူ၍ ဈေးကွက်သို့ ရောင်းချနေမှုနှင့် မွေးမြူရေးကန်များ တိုးချဲ့ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုသည် ရောင်းတမ်းဝင်ကဏန်းပျော့များထုပ်ပိုးနေမှုနှင့် ကဏန်းပျော့ မွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဧရာကျေးရွာ၌ လေမုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဒိုင်းမွန်းမာကျူရီ ကုမ္ပဏီမှ တာဝန်ရှိသူက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကိုမှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဧရာကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စာပေသင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဗိုလ်ချုပ်ကိုကိုနှင့် တိုင်းမှူးတို့က ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် ရွှေပြည်အေး(ထော်ပိုင်) ကျေးရွာသို့ ရောက်ရှိကြကာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူများ စာပေသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဗိုလ်ချုပ်ကိုကိုက ကျောင်းသုံး ဗလာစာအုပ်များကို လည်းကောင်း၊ တိုင်းမှူးက အဝတ်အထည်နှင့် စာရေးကိရိယာများကို လည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့် တိုင်းမှူးတို့သည် Unicef က လှူဒါန်းသည့် ရေသန့်စင်စက်မှ ကျေးလက်သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် စိန်ရတီကျေးရွာသို့ ရောက်ရှိကြပြီး ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မအူပင်ခရိုင် အင်ဂျင်နီယာမှူးက လမ်းအပိုင်းလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဖျာပုံခရိုင်အင်ဂျင်နီယာမှူးက ကျုံကဒွန်း-စက်ဆန်းလမ်း မိုင် ၂၀တွင် အမာခံလမ်းနှင့် မြေသားလမ်း ဖောက်လုပ်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကို မှာကြားသည်။

ပညာသင်ကြားမှု

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် စက်ဆန်း-ကျုံကဒွန်း ကားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြပြီး ဆက်လက် ထွက်ခွာလာရာ ကသမျှင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကြ၍ ဗိုလ်ချုပ်ကိုကိုက ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်သည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မော်လမြိုင် မေတ္တာမွန်ပညာရေးရိပ်မြုံဖွင့် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မွန်ပြည်နယ် ပညာရေးမှူးရုံးက မော်လမြိုင်မြို့၌ တည်ဆောက်ပြီးစီးသွားသော မေတ္တာမွန်ပညာရေးရိပ်မြုံဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါအဆောက်အအုံ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းနှင့် အဖွဲ့ဝင်(၁) ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်၊ ပြည်နယ် ပညာရေးမှူး၊ ပြည်နယ်/ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ဖွင့်လှစ်

ရှေးဦးစွာ ပြည်နယ်ပညာရေးမှူး ဦးထွန်းရီက မေတ္တာမွန်ပညာရေးရိပ်မြုံ တည်ဆောက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ပြည်နယ်ပညာရေးမှူးတို့က မေတ္တာမွန် ပညာရေးရိပ်မြုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လွှဲပြောင်း

ထို့နောက် မေတ္တာမွန်ပညာရေးရိပ်မြုံ တည်ဆောက်ရေးတာဝန်ခံ ဦးအောင်နိုင်ဝင်းက မေတ္တာမွန် ပညာရေးရိပ်မြုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပြည်နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် နှစ်ထပ်မေတ္တာမွန် ပညာရေးရိပ်မြုံအတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး မန္တလေးတိုင်း ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တွေ့ဆုံ၍ ဗီဒီယိုလုပ်ငန်းဆိုင်ရာများ မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်သည် ဖေဖော်ဝါရီ ၁၆ရက် နံနက် ၉နာရီခွဲက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံရုံးခွဲ(မန္တလေး) အစည်းအဝေးခန်းမ၌ မန္တလေးတိုင်း ဗီဒီယိုအခြေခံအဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား တွေ့ဆုံ၍ ဗီဒီယိုလုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးသည် မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံရုံးခွဲ(မန္တလေး)မှ ဝန်ထမ်းများအား တွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းချပြ မှာကြားသည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်သည် စစ်ကိုင်းမြို့ရှိ ဧယျာသီရိ ရုပ်ရှင်ရုံနှင့် မန္တလေးမြို့ရှိ အဆင့်မြင့်ရုပ်ရှင်ရုံများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုပ်ရှင်လုပ်ငန်းများ အဆင့်မြင့်ပြသ၊ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း ဖောက်လုပ်လျက်ရှိပြီး ဖျာပုံခရိုင် ကျုံကဒွန်း-စက်ဆန်းလမ်း မိုင် ၂၀တွင် အမာခံလမ်းနှင့် မြေသားလမ်း ဖောက်လုပ်နေ။

ဘိုကလေး ဧရာကျေးရွာ၌ ကဏန်းပျော့များ စမ်းသပ်မွေးမြူ၍ ဈေးကွက်သို့ရောင်းချ၊ မွေးမြူရေးကန်များ တိုးချဲ့ဆောင်ရွက်နေ။

နိုင်ငံတစ်ဝန်း သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်အစိုးရ၏ အကောင်အထည်ဖော် ဆောင်ရွက်ချက်များ

သာစည်မြို့နယ် ကုန်းတောင်းကျေးရွာ လယ်မြေများ၌ လေးလက်မ မြေအောက်ရေတွင်းများကို ဤသို့ တူးဖော်ပေးခဲ့သည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဆန့်ကျင်ဘက်အဖွဲ့များက ပြည်သူအား ရိုးရိုးသားသား စည်းရုံးဆောင်ရွက်ခြင်းမပြုဘဲ လျှပ်စစ်မီးနှင့် သောက်သုံးရေကိစ္စကို ခုတုံးလုပ်ပြီး မျက်လှည့်ပြ သွေးထိုးလှုံ့ဆော်ရန် မရိုးမသား ကြိုးပမ်းကြံစည်နေကြသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံနှင့်ပြည်သူအားလုံးအတွက် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးကို အဘက်ဘက်က အားတက်သရော ကြိုးပမ်း ဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်းတွင် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသ

နိုင်ငံတော်အစိုးရ၏ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးထားမှုများအား အောက်ဖော်ပြပါဇယားကို ကြည့်ခြင်းအားဖြင့် ထင်ရှားပေါ်လွင်စွာ သိရှိနိုင်ပါသည်။

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက်ကျောက်ပန်းတောင်းမြို့နယ် စည်ပေါက်ကန် ကျေးရွာတွင် စက်ရေတွင်းကို ဤသို့ တူးဖော်ပေးခဲ့သည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပြည်နယ်နှင့် တိုင်းအလိုက် ရေရရှိမှု အခြေအနေ	လျာထား ကျေးရွာ	အကောင်အထည်ဖော်ပြီး ကျေးရွာ	ရေရရှိရေး လုပ်ငန်းပေါင်း	ပြီးစီးမှု ရာခိုင်နှုန်း
စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း	၈၀၄၂	၈၀၃၉	၁၂၅၅၁	၉၉ % ကျော်
အခြား ပြည်နယ်နှင့်တိုင်းများ	၁၅၁၈၃	၁၃၆၂၆	၁၉၃၁၁	၉၀ % ခန့်
စုစုပေါင်း	**၂၃၂၂၅**	**၂၁၆၆၅**	**၃၁၈၆၂**	**၉၃ %**

ယင်းတို့အနက် မန္တလေးတိုင်းအတွင်း ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးထားမှုများကို အောက်ပါအတိုင်း ထုတ်နုတ်ဖော်ပြအပ်ပါသည်-

မန္တလေးတိုင်းအတွင်း ရေရရှိမှု အခြေအနေ	လျာထား ကျေးရွာ	အကောင်အထည်ဖော်ပြီး ကျေးရွာ	ရေရရှိရေး လုပ်ငန်းပေါင်း	ပြီးစီးမှု ရာခိုင်နှုန်း
မန္တလေးတိုင်း	၄၁၁၉	၄၁၁၉	၆၃၉၆	၁၀၀ %
မိတ္ထီလာခရိုင်	၇၅၇	၇၅၇	၁၂၆၀	၁၀၀ %

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ပုလဲမြို့နယ် ခေါ်သန္တိကျေးရွာအုပ်စု ညောင်ပင်သာရွာတွင် တွင်းတိမ်ရေ တူးဖော်ပေးမှုကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မြေအောက်ရေရရှိရေး ဆောင်ရွက်ပေး

မိတ္ထီလာမြို့နယ် ညောင်ကိုင်းကျေးရွာမှ မိုးစပါး စိုက်ခင်းများ၌ စပါးခွံလောင်စာသုံး ဓာတ်ငွေ့ ထုတ်စက်ဖြင့် မြေအောက်ရေတွင်းမှ ရေကိုစုပ်တင်ကာ ရေရရှိရေးကို ဤသို့ ဆောင်ရွက်ပေးထားသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နိုင်ငံတစ်ဝန်းတွင် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ၁၀နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အတွင်း အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိ။

စာမျက်နှာဖွဲ့စည်းမှု - ဇော်ထွန်းဦး (မြန်မာ့အလင်း)

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ဇီးချောင်းရေလှောင်တမံဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုပ်နှိပ် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၃) မှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရေလှောင်တမံဖွင့်ပွဲအခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်သည့် ဇီးချောင်းရေလှောင်တမံသည် နိုင်ငံတော်က ရခိုင်ပြည်နယ်မှ ဒေသခံပြည်သူများအတွက် ခြောက်ခုမြောက် တည်ဆောက်ပေးသည့်တမံဖြစ်ကြောင်း၊ ယခုကဲ့သို့ ရေလှောင်တမံ တည်ဆောက်ပေးခြင်းအားဖြင့် ခြောက်သွေ့သည့် ဤဒေသ၌ နွေရာသီတွင် ရေကို လိုအပ်သလို ရယူသုံးစွဲနိုင်မှာဖြစ်ကြောင်း၊ တောင်သူဦးကြီးများအတွက် မိုးစပါးအပြင် ဆောင်းသီးနှံ၊ နွေစပါးနှင့် အခြားသီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်၍ နိုင်ငံတော်က ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားများအတွက် တစ်သက်တာအမှတ်တရဖြစ်စေမည့် ဆုလာဘ်တစ်ခုပေးခြင်း ဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဆည်မြောင်းတာတမံများအပြင် စိုက်ပျိုးရေ ရရှိရေးအတွက် ချောင်းပိတ်၊ မြောင်းပိတ်နှင့် မြေအောက်ရေ တူးဖော်ရေးလုပ်ငန်းများကို အဘက်ဘက်က တီထွင်ကြံဆပြီး ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်သွားကြရမှာလည်းဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ဝန်ကြီးဌာနအသီးသီးသည် ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးရေးအတွက် အထူးအလေးပေးဆောင်ရွက်လျက်ရှိရာ ပြည်နယ်သူ ပြည်နယ်သားများအနေဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ဦးထမ်းပဲ့ထမ်းပါဝင်လျက် မိမိတို့ရခိုင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံး တိုးတက်စေရမည်ဆိုသည့် ခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် ၂၀၀၉ခုနှစ် ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှစ်တွင် တက်တက်ကြွကြွ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းကြောင်း။

ဇီးချောင်းရေလှောင်တမံ တည်ဆောက်နိုင်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသည့် ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများအား ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာ၌ ကျောက်တော်မြို့နယ်အတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့သည့် ဇီးချောင်းရေလှောင်တမံကို အောင်မြင်စွာတည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ဇီးချောင်းရေလှောင်တမံသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်ဖြစ်ပေါ်လာအောင် အထောက်အကူပြုမှာဖြစ်ကြောင်း။

တိုးတက်ပြောင်းလဲ

ယခုကဲ့သို့ ရေလှောင်တမံစီမံကိန်းများနှင့် ရေရရှိရေးစီမံကိန်းများကြောင့် ရေသွင်း စိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေများ တိုးတက်ဖြစ်ပေါ်လာပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာသည့် အကျိုးရလဒ်များ ရရှိသကဲ့သို့ သဘာဝပတ်ဝန်းကျင် အနေအထားများကိုလည်း တိုးတက်ပြောင်းလဲ ဖြစ်ပေါ်စေခဲ့ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်ပေးနေသကဲ့သို့ တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းစေရန် အထွက်နှုန်းနှင့် အရည်အသွေးကောင်း သီးနှံမျိုးကောင်းမျိုးသန့်များကို သုတေသနပြုဖော်ထုတ်ပြီး ဖြန့်ဖြူးပညာပေး စိုက်ပျိုးစေလျက်ရှိကြောင်း၊ ဇီးချောင်းရေလှောင်တမံသည် တပ်မတော် အစိုးရလက်ထက် ၂၁၉ ခုမြောက် ဖွင့်လှစ်လိုက်သည့် ဆည်မြောင်းစီမံကိန်းဖြစ်ကြောင်း၊ ရေလှောင်တမံ အောင်မြင်စွာ တည်ဆောက်ပြီးစီးနိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည့် ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်မှ တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်း။

အကျိုးရှိအောင်သုံးစွဲ

ရေလှောင်တမံ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေဝေရေလဲ ဒေသကို ထိန်းသိမ်းရန်လိုအပ်ရာ သစ်တောပြုစု ပျိုးထောင်မှုလုပ်ငန်းများ ၊ သစ်တောသစ်ပင် စိုက်ခင်းတည်ဆောက်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ရေလှောင်တမံက ဆည်ရေကို ရယူသုံးစွဲရာတွင်လည်း သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများနှင့် အညီ စနစ်တကျဖြင့် အကျိုးရှိအောင် သုံးစွဲကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ကျောက်တော်မြို့နယ်မှ ဦးဘစောက ဇီးချောင်းရေလှောင်တမံ တည်ဆောက်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် ဇီးချောင်းရေလှောင်တမံ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးတို့သည် ဖဲကြိုးဖြတ်၍ ဇီးချောင်းရေလှောင်တမံကို ဖွင့်လှစ်ပေးကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်နှင့် ရေသိုလှောင်ထားနိုင်မှု၊ ရေပိုလွှဲ၊ ပင်မမြောင်းမှ ရေပေးဝေနေမှုနှင့် နွေစပါးစိုက်ခင်းများကို ကြည့်ရှုကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး ဦးခင်မောင်က ဇီးချောင်းရေလှောင်တမံ တည်ဆောက်ခဲ့မှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

စိုက်ပျိုးရေပေးဝေ

ဇီးချောင်းရေလှောင်တမံကို ဇီးချောင်းပေါ်၌ တည်ဆောက်ထားခြင်း ဖြစ်သည်။ ပင်မတမံမှာ အလျား ပေ ၈၄၀၊ အမြင့် ၁၁၅ ပေရှိပြီး ရေဧကပေ ၇၅၃၀ သိုလှောင်နိုင်သည့် မြေသားတမံဖြစ်သည်။ ဇီးချောင်း ရေလှောင်တမံမှ လယ်မြေဧက၁၀၀၀ကို စိုက်ပျိုးရေ ပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ်ကီလိုဝပ်၈၀ပါ ထုတ်ပေးနိုင်မည့်တမံဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ထို့နောက် ရဟတ်ယာဉ်များဖြင့် ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာသို့ ရောက်ရှိကြပြီး ထူးထရေးဒင်းကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဆိုင်ကလုန်း အကာအကွယ်အဆောက်အအုံ Cyclone Shelter ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ရေလွှတ်သက်ကယ်ကုန်းမြင့် Hillock တည်ဆောက်နေမှုနှင့် သောက်ရေကန်တူးဖော်နေမှုတို့ကို ကြည့်ရှု စစ်ဆေးကာ နိုင်ငံတော်ဝန်ကြီးချုပ်က Cyclone Shelter အဆောက်အအုံ တည်ဆောက်ရေးကို အဓိကထားဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ထူးထရေးဒင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးတေဇက Cyclone Shelter ဆောက်လုပ်ရန် မြေကြီးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ပစ္စည်းများ စုဆောင်းထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ညှိနှိုင်းဖြည့်ဆည်းပေးသည်။

တစ်ပြိုင်တည်းဆောက်လုပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ကဒုံကနီကျေးရွာမှထွက်ခွာ၍ လမ်းတစ်လျှောက် ကြိမ်ချောင်း-ဘိုကလေး လမ်းဖောက်လုပ်ပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာအနီးရှိ ကိုင်းတောကြီးတံတားတည်ဆောက်မှု လုပ်ငန်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအင်ဂျင်နီယာချုပ် ဦးစိုးတင့်က ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း ၄၁မိုင် ၂ဖာလုံတွင် မြေသားလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ရေလွှတ်သက်ကယ်ကုန်းမြင့်များ မြေသားအလွှာအလိုက် တည်ဆောက်ပြီးစီးမှု၊ တံတားများ တည်ဆောက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တံတားဆောက်လုပ်ရေးစီမံကိန်း စီမံကိန်းအထူးအဖွဲ့-၄မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းက ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း၌ အရှည်ပေ ၄၀၀၊ အကျယ် ၁၂ပေရှိ ကိုင်းတောကြီးချောင်း တံတား၊ အရှည်ပေ ၅၀၊ အကျယ် ၁၂ ပေရှိ ဖလားချောင်းတံတား၊ အရှည်ပေ ၆၀၊ အကျယ် ၁၂ပေရှိ သိုင်းချောင်းတံတား အမှတ်(၁)နှင့် အရှည်ပေ ၆၀၊ အကျယ် ၁၂ပေရှိ သိုင်းချောင်းတံတားအမှတ်(၂)တို့ တည်ဆောက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က မိုးကာလတွင် လမ်းများ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရေးဆောင်ရွက်ရန်နှင့် တံတားများ အချိန်မီပြီးစီးရေးအတွက် တံတားဆောက်လုပ်ရေးအဖွဲ့များခွဲကာ တစ်ပြိုင်တည်း ဆောက်လုပ်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘိုကလေးမြို့သို့ ရောက်ရှိကြပြီး ဘိုကလေးပညာရေးကောလိပ်၌ ဖွင့်လှစ်ထားသည့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁)သို့တက်ရောက်လျက်ရှိသော သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ သင်တန်းသူများ စက်ချုပ်ပညာသင်ယူနေမှု၊ အစားအစာ ချက်ပြုတ်မှု သင်ယူနေမှုနှင့် သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များကို ကြည့်ရှုစစ်ဆေးကြကာ တာဝန်ရှိသူများအား သင်တန်း၌ ထူးချွန်ဆုရရှိသူများကို ထိုက်တန်စွာ ဆုချီးမြှင့်ရန်မှာကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သင်တန်းတာဝန်ခံထံ ထောက်ပံ့ငွေများ ပေးအပ်သည်။ဆက်လက်၍ ထူးရေးဒင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးတေဇက သင်တန်းတာဝန်ခံထံ အပ်ချုပ်စက် အလုံး ၄၀ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပုသိမ်မြို့သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ်သည် ညနေ ဇနာရီခွဲတွင် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်း လေဘေးသင့်ဒေသများတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများနှင့် Cyclone Shelter များ တည်ဆောက်လျက်ရှိသော ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ငပုတောမြို့နယ် ချောင်းဝကျေးရွာ၊ ပြင်ခရိုင်ကျေးရွာ၊ သင်္ကန်းကုန်းကျေးရွာ၊ သက္ကယ်သောင်ကျေးရွာ၊ လပွတ္တာမြို့နယ် သင်္ကန်းကြီးကျေးရွာ၊ ဇင်းရွဲကြီးကျေးရွာ၊ စလူဆိပ်ကျေးရွာ၊ ပြင်စလူ (၁)ကျေးရွာ၊ ပြင်စလူ(၂)ကျေးရွာ၊ ပိုးလောင်းကျေးရွာ၊ သစ်ပုတ်ကျေးရွာ၊ ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာ၊ ဧရာကျေးရွာ၊ ဖျာပုံမြို့နယ် အမာကျေးရွာ၊ ဒေါ်ညိမ်းကျေးရွာ၊ ဓမင်းဆိပ်ကျေးရွာ၊ ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာများ၌ လူ ၅၀၀ဆံ့ Cyclone Shelter များ တည်ဆောက်ကြမည့် ရွှေသံလွင်ကုမ္ပဏီ၊ FMI၊ တက်လမ်း၊ TZTM ၊ ဧရာရွှေဝါ၊ မိုးကြယ်စင်၊ မက်စ်မြန်မာ၊ အေဝမ်း၊ ဝါဝါဝင်း၊ မြတ်နိုးသူ၊ ထူးထရေးဒင်း၊ ဒိုင်းမွန်းမာကျူရီ၊ ဒဂုန်အင်တာနေရှင်နယ်၊ ယုဇန၊ ဇေဒင်အုပ်စု၊ မြနန္ဒာ၊ ရွှေတောင် ကုမ္ပဏီများမှ တာဝန်ရှိသူများက လူ ၅၀၀ဆံ့ Cyclone Shelter များ တည်ဆောက်ရေးအတွက် မြေသား၊ မြေပေါင်ဖို့ခြင်း၊ ဘိုးပိုင်ရိုက်ခြင်း၊ ယန္တရားနှင့် တည်ဆောက်ရေးပစ္စည်းများ စုဆောင်းထားရှိမှု၊ ရေရရှိရေးဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ဒေးဒရဲမြို့နယ် တိုးရွာနှင့် သောကြာကျေးရွာတို့၌ မူလတန်းကျောင်းများ တည်ဆောက်နေကြသည့် မြနန္ဒာနှင့် ရွှေတောင်ကုမ္ပဏီများ တာဝန်ရှိသူများက ကျောင်းဆောင်တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး Cyclone Shelter များကို ခိုင်ခိုင်မာမာ တည်ဆောက်ပေးခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့် လူ့အသက် ဆုံးရှုံးမှုများကို ကာကွယ်တားဆီးနိုင်မှာဖြစ်ကြောင်း၊ Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းများကိုလည်း လာမည့်မိုးကာလမတိုင်မီ အဆောက်အအုံပိုင်း ပြီးစီးရေးအတွက် အဓိကထား ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

(သတင်းစဉ်)

ဖျာပုံ-ဒေါ်ညိမ်း-အမာလမ်း ဖောက်လုပ်ပြီးစီးမှုကို ဝေဟင်မှ တွေ့ရစဉ်။

(သတင်းစဉ်)

❐ *ကျောဖုံးမှ*

စတင်တည်ဆောက်

ဇီးချောင်းရေလှောင်တမံစီမံကိန်းကို စစ်တွေမြို့ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(၁) ရုံးတည်ဆောက်ရေး(၃)က တာဝန်ယူဆောင်ရွက်ခဲ့သည့်အတွက် မြန်မာ့အလင်းသတင်းအဖွဲ့သည် ဇီးချောင်း

“၂၀၀၇-၂၀၀၈ ခုနှစ်မှာ မြေသားတမံကြီးကို ရေလှောင်နိုင်အောင် ရာသီအမီ မြေဖို့ပြီး ရေလှောင်နိုင်ခဲ့ပါတယ်”

ဦးတင်မောင်အေး
ဒုတိယ
ညွှန်ကြားရေးမှူး
တည်ဆောက်ရေး(၃)

ရေလှောင်တမံစီမံကိန်းသို့ ကွင်းဆင်းလေ့လာရန် ဖေဖော်ဝါရီ၁၅ရက်က စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြသည်။ ဇီးချောင်းရေလှောင်တမံ တွင် ဖွင့်ပွဲပြုလုပ်ရန်အတွက် အဆင်သင့်အနေအထားတွင် ရောက်ရှိနေပြီဖြစ်ရာ မြန်မာ့အလင်းသတင်းအဖွဲ့သည် ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးအား ဇီးချောင်းရေလှောင်တမံစီမံကိန်းနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ရာ **“ဇီးချောင်း ရေလှောင်တမံစီမံကိန်းကို ၂၀၀၆ခုနှစ် ဇူလိုင်၁၅ရက်တွင် စတင်တည်ဆောက်ခဲ့ကြောင်း၊ ၂၀၀၆ခုနှစ်တွင် တမံအုကြောင်း ရှာဖွေခြင်းလုပ်ငန်း၊ မြေသားခံနိုင်မှု ရှိမရှိ ဘူမိဗေဒလုပ်ငန်းနှင့် မြေသားရွေးချယ်ခြင်းလုပ်ငန်းကို လုပ်ခဲ့ကြောင်း၊ တမံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၇-၂၀၀၈ခုနှစ်တွင် စတင်၍ အရှိန်အဟုန်ဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၇-၂၀၀၈ခုနှစ်မှာပင် မြေသားတမံကြီးကို ရေလှောင်နိုင်အောင် ရာသီအမီ မြေဖို့ပြီး ရေလှောင်ခဲ့ကြောင်း။**

ရေလှောင်နိုင်ရန် မြေဖို့အပြီးတွင် နွေစပါးဧက ၁၆၂ဧကကို ရေပေးဝေနိုင်ပြီး ဆည်မြောင်းဌာန၏ ဆောင်ပုဒ်ဖြစ်သော ရေပေးရင်း တည်ဆောက်၊ တည်ဆောက်ရင်း ရေပေးဆိုသည့် ဆောင်ပုဒ်အတိုင်း တစ်နှစ်စောပြီး လယ်မြေဧကတွေကို နွေစပါးအတွက် ရေပေးပြီးတော့ စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ ရေလှောင်တမံ၏ အလျားသည် ပေ၈၄၀ရှိပြီး တမံအမြင့်မှာ ၁၁၅ပေ ရှိကြောင်း၊ ကုန်းကျောတမံ အလျားမှာ ပေ ၁၁၀၀ရှိကြောင်း၊ တမံအမျိုးအစားမှာ မြေသားတမံအမျိုးအစားဖြစ်ကြောင်း” ရှင်းပြသည်။

လျှပ်စစ်ဓာတ်အား

ဇီးချောင်းရေလှောင်တမံကား ထုထည်ကြီးမားပြီး ခိုင်ခံ့သည်ကို တွေ့ရသည်။ ရေထုတ်ပြွန်အနေဖြင့် ၂၀၀၇-၂၀၀၈တွင် အပြီးတည်ဆောက်နိုင်ခဲ့ပြီး ရေထုတ်ပြွန်ပေါ်မှနေပြီး လျှပ်စစ်ဓာတ်အား ပေးဝေနိုင်ရန်အတွက် ၁၉လက်မ သံမဏိရေပိုက်တစ်လုံး တပ်ဆင်ထားသည်။ ရေထုတ်ပြွန်၏ ကွန်ကရစ်အရွယ်အစားမှာ အကျယ်လေးပေ၊ အမြင့်ခြောက်ပေ အာရ်စီကွန်ကရစ်တစ်ပေါက်ဖြစ်ပြီး ၄င်းမှတစ်ဆင့် လျှပ်စစ်ဓာတ်ပေးကာ အနီးအနားမှ ရွာများနှင့် မဟာမြတ်မုနိဘုရားကြီးကို လျှပ်စစ်ဓာတ် ပူဇော်နိုင်မည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားမှာ ကီလိုဝပ်၄၀ နှစ်လုံးဖြင့် ရေအားလျှပ်စစ် ပေးနိုင်မှာဖြစ်ပြီး လျှပ်စစ်ဓာတ်အားကို ယခုပွင့်လင်းရာသီအမီ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

“ဆည်ရေဖြင့် အလင်းရအောင် လျှပ်စစ်ဓာတ်အားရရှိရမည် ဆိုသည့် ဆောင်ပုဒ်ဖြင့် ဖြစ်နိုင်သောနေရာများတွင် လျှပ်စစ်ဓာတ်အားရအောင် လျှပ်စစ်ဓာတ်အား အသေးစားတွေ တပ်ဆင်ပြီး ကျေးရွာတွေမှာ လျှပ်စစ်မီးရအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဇီးချောင်းဆည်အနေဖြင့် နွေစပါးဧက ၁၀၀၀ကို ရေပေးမှာဖြစ်ကြောင်း၊ ဆည်ပြီး၊ မြောင်းပြီး ပုံစံနှင့် ဒီနှစ်မှာ အပြီးဆောင်ရွက်မှာဖြစ်ကြောင်း၊ လာမည့်ရာသီ ၂၀၁၀ပြည့်နှစ်မှာ ဧက ၁၀၀၀ကို နွေစပါးစိုက်နိုင်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် ဆည်တည်ဆောက်ပေးသည်မှာ ဇီးချောင်းတမံ အပါအဝင် ရှစ်ခုမြောက် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း” ၄င်းက ဆက်လက်ရှင်းပြသည်။

အကျိုးပြု

ဇီးချောင်းရေလှောင်တမံ၏ ရေဆင်းဧရိယာမှာ ၃စတုရန်းမိုင်ဖြစ်ပြီး နှစ်စဉ် စီးဝင်ရေမှာ ဧကပေ၁၃၂၀၀ရှိသည်။ လှောင်နိုင်သော ရေလှောင်ပမာဏမှာ ဧကပေ၇၅၃၀ လှောင်နိုင်မည်ဖြစ်ပြီး ကန်ရေပြင်ကျယ်မှာ ၁၅၄ဧကဖြစ်ကြောင်း၊ ရေပိုလွှဲမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ရာ အကျယ်ပေ၃၀၊ ရေထွက်နှုန်း ၂၅၀ကုဗပေ/စက္ကန့် ဖြစ်သည်။ တူးမြောင်းအနေဖြင့် တူးမြောင်းမကြီး၊ လက်ယာမြောင်းမကြီး၊ လက်ဝဲမြောင်းမကြီး စုစုပေါင်း သုံးမိုင်ခန့်ရှိမှာဖြစ်ပြီး လက်တံမြောင်းလေးတွေမှာ စုစုပေါင်း ငါးမိုင်ခန့် ရှိကြောင်း၊ မြောင်းများကို နှစ်လအတွင်း အပြီးဆောင်ရွက်မှာ ဖြစ်ကြောင်း သိရသည်။ ဒေသခံပြည်သူများအတွက် များစွာအကျိုးပြုသည့် ရေလှောင်တမံဖြစ်သည်။

သတင်းအဖွဲ့သည် တည်ဆောက်ရေးအဖွဲ့(၃)က တာဝန်ယူ တည်ဆောက်ခဲ့သော ကျောက်တော်မြို့နယ်အတွင်းရှိ ဇီးချောင်းရေလှောင်တမံကို လိုက်လံကြည့်ရှုကြသည်။ ဇီးချောင်းရေလှောင်တမံကို တည်ဆောက်ရာတွင် တမံပိတ်ပြီးနောက်ပိုင်းတွင် ရေသွင်းသိုလှောင်ထားပြီး ရေပေးနိုင်သော ကျေးရွာများကို နွေစပါးစိုက်ပျိုးနိုင်ရန် ရေချပေးခြင်းကြောင့် ရေလှောင်တမံ ပတ်ဝန်းကျင်၌ နွေစပါးများ စိုက်ပျိုးထားသော စိမ်းစိုနေသည့် နွေစပါးခင်းများကို မြင်တွေ့ရသည်။

သွားလာရေးလွယ်ကူ

ဇီးချောင်းရေလှောင်တမံတွင် ရေပေးမြောင်းများကအစ ဆောင်ရွက်ပြီးစီးနေသည်ကို လာရောက်ကြည့်ရှုကြသော ဒေသခံ ရွာသူရွာသားများအား တွေ့ဆုံမေးမြန်းရာ သရက်တပင်ကျေးရွာ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသိန်းယဉ်က “ဆည်တည်ဆောက်ခြင်းမပြုလုပ်မီက လမ်းမရှိသော

“ယခုလို ရေလှောင်တမံကြီး တည်ဆောက်ပေးတော့ ဝမ်းသာပီတိ ဖြစ်ရပါတယ်”

ဒေါ်အေးသိန်းယဉ်
ကျောင်းအုပ်ဆရာမကြီး
အမက(မဟာမုနိ)။

“ယခုလို ဆည်ဆောက်ပြီး ရေပေးနိုင်ခြင်းကြောင့် စိုက်ရေးပျိုးရေးလုပ်ငန်းများ အဆင်ပြေကြပါတယ်”

ဒေါ်နှင်းနွယ်
မူလတန်းပြ၊အမက(မဟာမုနိ)။

ကြောင့် ခြေကျင်သွားလာကြရကြောင်း၊ ဆည်တည်ဆောက်နိုင်ရန် လမ်းများဖောက်လိုက်တာကြောင့် စက်ဘီးနှင့်သွားသွား၊ ကားနှင့်သွားသွား သွားလာရာ လွယ်ကူနေကြောင်း၊ ကျောင်းသားများလည်း စက်ဘီးဖြင့်ဖြစ်စေ၊ လမ်းလျှောက်သွားခြင်းဖြင့်ဖြစ်စေ လွယ်ကူချောမွေ့စွာ ကျောင်းတက်နိုင်ကြောင်း၊ကျောင်းသားများမှာ မဟာမုနိရွာနှင့် သရက်တပင်မှာနေကြကြောင်း၊ တစ်မိုင်လောက်သာ ဝေးသောကြောင့် သွားလာရေး လွယ်ကူကြကြောင်း၊ လမ်းများဖောက်ထားတာကြောင့် မိုးရောနွေပါ သွားလာရ အဆင်ပြေနေကြောင်း၊ နိုင်ငံတော်က ယခုလို အစစအဆင်ပြေအောင် သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေကအစ အဆင်ပြေအောင်လုပ်ပေးသော နိုင်ငံ့ခေါင်းဆောင်များကို ကျေးဇူးတင်လျက်ရှိကြပါတယ်”ဟု ဝမ်းသာအားရ ပြောကြားသွားခဲ့သည်။

နှစ်သီးစားစိုက်နိုင်

ဆက်လက်၍ မဟာမုနိ မူလတန်းကျောင်းမှ ဆရာမ မနှင်းနွယ်အား တွေ့ဆုံမေးမြန်းကြည့်ရာ “ကျောင်းနှင့်ရွာမှာငါးမိုင်ခန့်ဝေးကြောင်း၊ ကျောင်းသို့ ကားနှင့်လာရကြောင်း၊ ဆည်မဆောက်မီက ကားမရှိသဖြင့် စက်ဘီးဖြင့်လည်းကောင်း၊ ခြေကျင်လျှောက်၍လည်းကောင်း သွားလာခဲ့ရကြောင်း၊ ကျောင်းသားကျောင်းသူ မိဘများမှာ တောင်သူလယ်သမားများဖြစ်ကြ၍ ယခုလို ဆည်ဆောက်ပြီး ရေပေးနိုင်ခြင်းကြောင့် အခက်အခဲမရှိ လွယ်ကူစွာ စိုက်ရေး၊ ပျိုးရေး အဆင်ပြေကြကြောင်း၊ လမ်းပန်းအဆင်ပြေတာကြောင့် ထွက်လာသော စပါးများရောင်းဝယ်ရေး အဆင်ပြေပြီး စီးပွားရေးလည်း အဆင်ပြေကြကြောင်း၊ မိဘများ အဆင်ပြေတာကြောင့် ကျောင်းနေသော သားသမီးများသည် အဆင်ပြေကြကြောင်း၊ မူလတန်းကျောင်းမှ အောင်သူများ သရက်တပင် အလယ်တန်းကျောင်းသို့ တက်ကြကြောင်း၊ ခရီးလမ်း အဆင်ပြေလွယ်ကူပြီး မဝေးတာကြောင့် ပညာရေး အဆင်ပြေလျက်ရှိပါကြောင်း၊ စပါးသာမက ပဲ၊ ငရုတ်၊ နေကြာ၊ မုန်ညင်းစသော လယ်ယာကိုင်းကျွန်းကို အစစအဆင်ပြေအောင် ဆောင်ရွက်ပေးတာကြောင့် တစ်သီးစားသာမက နှစ်သီးစား စိုက်နိုင်သဖြင့် တောင်သူလယ်သမားများ အဆင်ပြေကြကြောင်း အားလုံးက ဝမ်းသာကျေးဇူးတင်ပါကြောင်း”ဖြင့် ပြောပြသည်။

ဇီးချောင်းရေလှောင်တမံမှ ရေပေးဝေမည့် နွေစပါးစိုက်ခင်းများကို တွေ့ရစဉ်။
(မြန်မာ့အလင်း)

အဆင်ပြေ

ဆက်လက်၍ တောင်သူဦးကြီးတစ်ဦးဖြစ်သော ဦးမောင်ပေါ်ဦးအား တွေ့ဆုံမေးမြန်းရာ “စပါး ၁၀ဧက လုပ်ကြောင်း၊ စပါးသာမက အားလုံးလည်း စိုက်ကြောင်း၊ မိုးစပါးသာမက နွေစပါးလည်းစိုက်ကြောင်း၊ နိုင်ငံတော်က ဆည်များ တည်ဆောက်ပေးခြင်းကြောင့် နွေရောမိုးပါ စပါးစိုက်နိုင်ကြပြီး သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ခြင်းကြောင့် တောင်သူလယ်သမားများ ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိနေကြပါကြောင်း၊ ယခင်က မိုးကိုသာ မျှော်ကိုး၍ စိုက်နေကြရပြီး မိုးခေါင်လျှင် စိုက်ရေး၊ ပျိုးရေး အခက်အခဲရှိခဲ့ကြကြောင်း၊ ယခုလို ဆည်ရေပေးတာကြောင့် စိုက်ပျိုးရေး အဆင်ပြေနေကြပါကြောင်း၊ ဒါကြောင့် နိုင်ငံတော်ကို ကျေးဇူးတင်လျက်ရှိပါကြောင်း” ဖြင့် ပြောသည်။

ဆက်လက်၍ သစ်တပင်ကျေးရွာမှ တောင်သူ ဦးပဒီးအောင်အားတွေ့ဆုံမေးမြန်းရာ “စပါး၊ အာလူး၊ ခရမ်း၊ နေကြာစိုက်ပျိုးကြောင်း၊ နွေစပါး လေးဧကစိုက်ကြောင်း၊ မိုးစပါး ခြောက်ဧကစိုက်ကြောင်း၊ ဆည်တည်ဆောက်သည့်အတွက် နွေရောမိုးပါ စပါးစိုက်နိုင်ကြောင်း၊ အခြားသီးနှံလည်းစိုက်နိုင်ကြောင်း၊ သောက်သုံးရေလည်း လူရော၊ တိရစ္ဆာန်ပါ သောက်သုံးနိုင်ပါကြောင်း၊ နွေစပါးရော မိုးစပါးပါ ဝင်ငွေကောင်းလာကြောင်း၊ ဝင်ငွေကောင်းလာပြီး အေးချမ်းသာယာလျက် ရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ဆည်များ တည်ဆောက်ပေးတာကြောင့် စီးပွားရေး အဆင်ပြေလာတာဖြစ်လို့ဝမ်းသာလျက်ရှိကြပါကြောင်း” ဖြင့် ပြောသည်။

ဇီးချောင်းရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် ရခိုင်ပြည်နယ်အတွင်း စပါးသီးနှံ ပိုမိုစိုက်ပျိုးနိုင်မည့်အပြင် မဟာမုနိဘုရားသို့လျှပ်စစ်ဓာတ်အားပေးနိုင်မည်ဖြစ်သောကြောင့် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း ဆည်မြောင်းဦးစီးဌာနမှ ကျွမ်းကျင်မှုဆိုင်ရာ အပိုင်းကဏ္ဍများဖြင့် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်းတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

“စပါး၊ အာလူး၊ ခရမ်း၊ နေကြာ စိုက်ပျိုးပါတယ်”

ဦးပဒီးအောင်
တောင်သူ။

“နိုင်ငံတော်က ဆည်များ တည်ဆောက် ပေးတာကြောင့် နွေရော မိုးပါ စပါးစိုက်နိုင်ကြပါပြီ”

ဦးမောင်ပေါ်ဦး
တောင်သူ။

၂၀၀၇-၂၀၀၈ ခုနှစ်မှာ မြေသားတမံကြီးကို ရေလှောင်နိုင်အောင် ရာသီအမီ မြေဖို့ပြီး ရေလှောင်နိုင်ခဲ့ပါတယ်။

ဦးတင်မောင်အေး၊ ဒုတိယညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၃)

ဆည်ဆောက်ပြီး ရေပေးနိုင်ခြင်းကြောင့် စိုက်ရေးပျိုးရေးလုပ်ငန်းများ အဆင်ပြေကြပါတယ်။

ဒေါ်နှင်းနွယ်၊ မူလတန်းပြ၊ အမက (မဟာမုနိ)။

နိုင်ငံတော်က ဆည်များတည်ဆောက်ပေးခြင်းကြောင့် နွေရော မိုးပါ စပါးစိုက်နိုင်ကြပါပြီ။

ဦးမောင်ပေါ်ဦး၊ တောင်သူ။

မိုးစပါးသာမက နွေစပါးပါ စိုက်ပျိုးနိုင်ရေး အကျိုးပြုမည့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ဇီးချောင်းရေလှောင်တမံ။
(မြန်မာ့အလင်း)

23-2 (09).pmd 1 2/23/2009, 1:13 AM

အပြုသဘောရှုမြင် တိုးတက်အောင်မြင်တဲ့ခရီးစဉ်

ကျော်မင်းလူ(ရွှေပြည်သာ)

ဖေဖော်ဝါရီလ ၂၁ရက်နေ့ထုတ် သတင်းစာမှာ နိုင်ငံသား အကျဉ်းသား ၆၃၁၃ ဦးကို ပြစ်ဒဏ်ကျခံနေရခြင်းမှ လွတ်ငြိမ်းသက်သာခွင့် ပေးတဲ့သတင်းကို ဖတ်လိုက်ရပါတယ်။ အင်မတန်မှ မင်္ဂလာရှိပြီး ဝမ်းသာစရာကောင်းတဲ့သတင်းပါပဲ။ စည်းကမ်းနဲ့ အကျင့်စာရိတ္တကောင်းမွန်လာတဲ့ အကျဉ်းသားတွေကို လူသားချင်းစာနာထောက်ထားမှုနဲ့ သနားချစ်ခင်မှုတို့ကို အလေးထားတဲ့ အနေနဲ့လည်းကောင်း၊ သူတို့ရဲ့မိသားစုတွေကို ငဲ့ညှာတဲ့အနေနဲ့လည်းကောင်း၊ သူတို့ဟာ နိုင်ငံတော်ရဲ့မေတ္တာနဲ့စေတနာကို နားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုးနဲ့ ၂၀၁၀ပြည့်နှစ်အတွင်း ကျင်းပမယ့် ရွေးကောက်ပွဲများမှာလည်း ကျန်တဲ့ အများပြည်သူနဲ့အတူ နိုင်ငံတော်အကျိုးကို ထမ်းရွက်သွားနိုင်ကြစေဖို့ အတွက်လည်းကောင်း အကျဉ်းသား အကျဉ်းသူ ၆၃၁၃ဦးကို ပြစ်ဒဏ်ကျခံနေရခြင်းမှရပ်စဲပြီး လွတ်ငြိမ်းသက်သာခွင့်များ ပေးမှာဖြစ်တယ်လို့ သိရပါတယ်။

နိုင်ငံတော်သစ်တည်ဆောက်ရာမှာ နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ရှေးရှုပြီး နိုင်ငံတော်အစိုးရအနေနဲ့ တည်ဆဲဥပဒေများ ဖောက်ဖျက်ကျူးလွန်တဲ့သူတွေကို တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များ ချမှတ်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း ကိုယ့်သားသမီးကိုချစ်လို့ မလွှဲမရှောင်သာ အပြစ်ပေးရတဲ့ မိဘတစ်ယောက်ရဲ့ ချစ်ခြင်း မေတ္တာမျိုးအပေါ်မှာ အခြေခံပြီး ပြစ်ဒဏ်ကျခံရသူတွေကို နစ်နာစေလိုစိတ် မထားရှိခဲ့တာ အမှန်ပါပဲ။ ဒါကြောင့် ပြစ်ဒဏ်ကျ အကျဉ်းသားတွေကို အကျဉ်းကျခံစိတ်မျိုး ကာလကြာရှည်စွာ မခံစားရစေရန်နဲ့ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေတဲ့ နိုင်ငံသားများအဖြစ် ပြုပြင်ပြောင်းလဲပေးနိုင်ရန် ရည်ရွယ်ပြီး ဒီလိုစနစ်တကျ စီမံဆောင်ရွက်ပေးခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ဒီသတင်းကို ဖတ်ပြီး ကာယကံရှင် အကျဉ်းသားတွေအနေနဲ့ ဘယ်လောက်များ ဝမ်းမြောက်ပီတိ ဖြစ်လိုက်ကြရှာမလဲလို့တွေးရင်း သူတို့ရဲ့အပျော်တွေ ကိုယ့်ထံကို ကူးစက်လာသလို ခံစားမိပါတယ်။ တစ်ဆက်တည်း မစ္စတာဂမ်ဘာရီရဲ့ မကြာသေးမီက ခရီးစဉ်အတွင်းမှာ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက "နိုင်ငံတော်အစိုးရဟာ ဥပဒေဖောက်ဖျက် ကျူးလွန်သူများကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်နေရသော်လည်းအခြားတစ်ဖက်က သဘောထားကြီးကြီးထားပြီး စိတ်နှလုံးကောင်းနဲ့ယှဉ်ကာ သူတို့ရဲ့ပြစ်ဒဏ်များ လျှော့ပေါ့ရေးကို အမြဲတမ်း စဉ်းစားဆောင်ရွက် ပေးလျက်ရှိပါတယ်"လို့ ရှင်းလင်းပြောကြားခဲ့တာကို ပြန်ပြီးသတိရမိပါတယ်။ ဆိုခဲ့စေ မြဲစေဆိုတဲ့စကားအတိုင်း ယခုအလုပ်နဲ့ သက်သေပြလိုက်တာပဲလို့ ရှုမြင်ပြီး အားရကျေနပ်မိတာအမှန်ပါ။

အဲဒီသတင်းစာမှာပဲ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Quintana ရဲ့ ခရီးစဉ်သတင်းကိုလည်း ဖတ်လိုက်ရပါတယ်။ Mr. Quintana ဟာ ဖေဖော်ဝါရီ ၁၄မှ ၁၉အထိ မြန်မာနိုင်ငံကို လာရောက်ခဲ့ပါတယ်။ သူ့ရဲ့ဒီတစ်ကြိမ်ခရီးစဉ်ဟာ ဒုတိယအကြိမ်ပါ။ ယခုခရီးစဉ်အတွင်းမှာ Mr.Quintana ရဲ့ လိုလားချက်ကို ဖြည့်ဆည်းပေးတဲ့ အနေနဲ့ ကရင်ပြည်နယ်ကို တစ်ရက်ခွဲကြာ ခရီးစဉ် စီစဉ်ပေးခဲ့တယ်လို့ သိရပါတယ်။ ကရင်ပြည်နယ်ခရီးစဉ်အတွင်း ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ပြီး နိုင်ငံတော်အစိုးရနဲ့အတူ လက်တွဲလို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်နေကြတဲ့ ဦးထိန်မောင်အဖွဲ့၊ ဖဒိုအောင်ဆန်းအဖွဲ့၊ ဒီကေဘီအေအဖွဲ့တို့နဲ့ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် Mr.Quintana အနေနဲ့ ငြိမ်းချမ်းရေးအဖွဲ့များ ကြိုးပမ်းအကောင်အထည်ဖော်နေတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ လေ့လာနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ဘားအံအကျဉ်းထောင်ကို သွားရောက်ကြည့်ရှုခွင့်ရရှိခဲ့ပြီး အကျဉ်းသားများနဲ့လည်း သီးခြားတွေ့ဆုံမေးမြန်းခွင့်များ ရရှိခဲ့ပါတယ်။

ဖေဖော်ဝါရီ ၁၆ရက်နေ့ မွန်းလွဲပိုင်းမှာတော့ Mr.Quintana ရဲ့ မေတ္တာရပ်ခံချက်အရ သံအမတ်ကြီးများ အများစုပါဝင်တဲ့ သံတမန်(၃၀)ခန့်နှင့် မြရိပ်ညိုဟိုတယ်မှာ တွေ့ဆုံနိုင်အောင် စီစဉ်ပေးခဲ့တဲ့အပြင် အင်းစိန်အကျဉ်းထောင်ကိုပါ သွားရောက်ခွင့် ပြုခဲ့ပါတယ်။ နောက်တစ်နေ့မှာ မအူပင်အကျဉ်းထောင်ကို သွားရောက်ကြည့်ရှုဖို့ စီစဉ်ထားပေမယ့် Mr.Quintanaက သွားရောက်လိုခြင်း မရှိတော့ဘူးလို့ တင်ပြလာတဲ့အတွက် အဲဒီအစီအစဉ်ကို ပယ်ဖျက်ပြီး သူ့ရဲ့တင်ပြချက်ဆန္ဒအတိုင်း အချို့သောသံတမန်များနဲ့ နှစ်ဦးချင်းတွေ့ဆုံနိုင်ရန် အချိန်တိုအတွင်း စီစဉ်ဆောင်ရွက်ပေးခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် Mr.Quintana ဟာ ဩစတြေးလျ၊ စင်ကာပူ၊ ရုရှား၊ အမေရိကန်၊ ထိုင်းနိုင်ငံတို့မှ သံအမတ်ကြီးများ/ သံရုံးယာယီ တာဝန်ခံ/ အကြီးတန်းသံတမန်များနှင့် နှစ်ဦးချင်း တွေ့ဆုံနိုင်ခဲ့ပါတယ်။ အဲဒီနောက်မှာလည်း Mr.Quintana က ကုလသမဂ္ဂဌာနေအဖွဲ့နဲ့ UNDP ရုံးမှာ တွေ့ဆုံလိုကြောင်း တင်ပြခဲ့တဲ့အတွက် နိုင်ငံတော်က အချိန်မီစီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

ဖေဖော်ဝါရီ ၁၈ရက် နံနက်ပိုင်းမှာတော့ Mr.Quintana ဟာ နေပြည်တော်ကို ရောက်ရှိပြီး တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ မြန်မာရှေ့နေများကောင်စီမှ ကိုယ်စားလှယ်များနဲ့ တွေ့ဆုံခဲ့ပါတယ်။ တရားသူကြီးချုပ်နဲ့ တွေ့ဆုံစဉ်မှာ Mr.Quintana က အကျဉ်းကျခံနေရသူတွေရဲ့ အခြေအနေနဲ့ မြန်မာနိုင်ငံရဲ့ တရားရေးစနစ်တို့ကို မေးမြန်းခဲ့တဲ့အတွက် တရားသူကြီးချုပ်က မြန်မာ့တရားစီရင်ရေးစနစ်အကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြား ခဲ့ပါတယ်။ ရှေ့နေချုပ်နဲ့ တွေ့ဆုံရာမှာလည်း ရှေ့နေချုပ်က မြန်မာနိုင်ငံရဲ့ အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်ဖက်မည့်ဥပဒေများ ပြုပြင်ရေးဆွဲပြီး အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ မွန်းလွဲပိုင်းမှာတော့ Mr.Quintana ဟာ နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးတို့နဲ့ သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒ့ါအပြင် Mr.Quintana က သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးတို့နဲ့လည်း တွေ့ဆုံလိုပါကြောင်း ထပ်မံမေတ္တာရပ်ခဲ့တဲ့အတွက် တွေ့ဆုံဆွေးနွေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

နောက်တစ်နေ့ ဖေဖော်ဝါရီ ၁၉ ရက်နေ့ နံနက်ပိုင်းမှာ Mr.Quintana ဟာ ရဲချုပ်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်များ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များနဲ့ တွေ့ဆုံခဲ့ပါတယ်။ မွန်းလွဲပိုင်းမှာတော့ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်တဲ့ မြန်မာ့လူ့အခွင့်အရေးအဖွဲ့နဲ့တွေ့ဆုံပြီး မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးမြှင့်တင် ကာကွယ်ရေးနဲ့သက်ဆိုင်တဲ့ နှစ်ဖက်အမြင်များကို ဆွေးနွေးဖလှယ်နိုင်ခဲ့ကြပါတယ်။

နေပြည်တော်မှာ နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးတို့နဲ့ တွေ့ဆုံစဉ်အတွင်း Mr. Quintana က ဦးဝင်းတင်နဲ့ တွေ့ဆုံခွင့်ရရှိလိုကြောင်း တင်ပြခဲ့တယ်လို့ဆိုပါတယ်။ ဒါကြောင့် သက်ဆိုင်ရာက တွေ့ဆုံနိုင်ရန်စီစဉ်ပေးပေမယ့်လည်း ဦးဝင်းတင်က လက်ခံတွေ့ဆုံခြင်း မပြုတဲ့အတွက် တွေ့ဆုံနိုင်ခြင်း မရှိခဲ့ပါဘူး။ ဦးဝင်းတင် ကိုယ်တိုင်ရေးသားထားတဲ့ လက်ရေးစာကိုသာ တာဝန်ရှိသူများက Mr. Quintana ထံ ပေးအပ်ခဲ့တယ်လို့ သိရပါတယ်။

Mr. Quintanaဟာ ခရီးစဉ်အပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်က မထွက်ခွာမီ သတင်းစာရှင်းလင်းပွဲတစ်ခု ပြုလုပ်ခဲ့ပါသေးတယ်။ အဲဒီသတင်းစာရှင်းလင်းပွဲမှာ Mr. Quintana က မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးအတွက် စိန်ခေါ်မှုများ ရှိနေသေးကြောင်း တွေ့ရှိရသော်လည်း အစိုးရဆောင်ရွက်ချက်များဟာ အပြုသဘောဆောင်ပါကြောင်း မှတ်ချက်ပြုသွားခဲ့တယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် လေဆိပ်မှာ သံတမန်များနဲ့ နောက်ထပ်တစ်ကြိမ် တွေ့ဆုံခွင့်ရရှိရေးကိုလည်း စီစဉ်ဆောင်ရွက် ပေးခဲ့ပါတယ်။

Mr. Quintana ရဲ့ ခရီးစဉ်အကျဉ်းချုပ်သတင်းကို ဖတ်ရှုရင်း နိုင်ငံတော်အပိုင်းက အစစအရာရာ အဆင်ပြေချောမွေ့အောင် လိုက်လျောပံ့ပိုးစီစဉ်ဆောင်ရွက်ပေးမှုများကို သုံးသပ်တွေ့ရှိမိပါတယ်။ ဆန့်ကျင်ဘက် မီဒီယာတွေက ဒီခရီးစဉ်ကနေ ဘာမှရလဒ်တိတိကျကျ ထွက်ပေါ်လာတာမျိုး မရှိဘူး၊ Mr. Quintana ရဲ့ ရည်မှန်းချက်တွေ အပြည့်အဝအထမြောက်တဲ့ ခရီးစဉ်တစ်ခုအဖြစ် မရှုမြင်နိုင်ဘူး စသဖြင့် အဖျက်သဘော ဝေဖန်ပြစ်တင်မှုတွေ လုပ်နေကြပါတယ်။သူတို့အနေနဲ့ ဒီလိုခရီးစဉ်တွေကို နိုင်ငံရေးကစားကွက် တစ်ခုလိုသဘောထားပြီး လျှာအရိုးမရှိတိုင်း လိုရာဆွဲပြောလေ့ရှိကြတာ အစဉ်အလာဖြစ်နေပါပြီ။ NLD ပြောခွင့်ရပုဂ္ဂိုလ်ကဆိုရင် "ဒီညနေအထိ ဘာမှမထူးဘူး၊ တွေ့ဆုံမှုလည်း မရှိဘူး၊ ဆက်သွယ်မှုလည်းမရှိဘူး၊ ဒီခရီးစဉ်ကတော့ Mr. Quintana အနေနဲ့ သူဆောင်ရွက်ချင်တဲ့၊ သူစုံစမ်းချင်၊ တွေ့ဆုံချင်တဲ့ဟာတွေကို အပြည့်အဝ တွေ့ဆုံခွင့် မရသွားတဲ့သဘော၊ ကျွန်တော်တို့ ဒါကတော့ ပေါ်ပေါ်လွင်လွင်ရှိနေတယ်" ဆိုပြီးတော့ ပြောသွားပါတယ်။ ပြောပုံအရဆိုရင် သူတို့က Mr. Quintana နဲ့ တွေ့ချင်လွန်းလို့ အိမ်မှာအလှအပတွေပြင်ပြီး အခေါ်စောင့်နေတဲ့ပုံပါပဲ။ ဒါပေမယ့် တကယ်တမ်း Mr. Quintana က ဦးဝင်းတင်နဲ့ တွေ့ချင်လို့လာပြီး ဆက်သွယ်တော့လည်း အမူလွန်ပြီး အတွေ့မခံခဲ့ဘူးမဟုတ်လား။ ဘာပဲဖြစ်ဖြစ် ကိုယ့်အဖွဲ့အစည်းနဲ့ တွေ့ခွင့်မရလိုက်လို့ ဒီခရီးစဉ်မအောင်မြင်ဘူးလို့ တစ်ဖက်သတ် ပြောဆိုနေတာကတော့ တရားနည်းလမ်း မကျလှဘူး ထင်ပါတယ်။

ပြောရရင် ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ပြီးတက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ ကမ္ဘာ့နိုင်ငံတွေအားလုံးနဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နဲ့အညီ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်နေတဲ့ ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒ့ါအပြင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်တာနဲ့အညီ ကမ္ဘာ့ကုလသမဂ္ဂနဲ့ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ရေးဟာလည်း ကျွန်တော်တို့နိုင်ငံ နိုင်ငံခြားရေးမူဝါဒရဲ့ အဓိကမူဝါဒ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံဟာ ကုလသမဂ္ဂနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ သမိုင်းအစဉ်အလာကောင်းကို ပိုင်ဆိုင်ခဲ့တာ အားလုံးအသိပါ။ လက်ရှိပစ္စုပ္ပန်မှာလည်း အလေးထား ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အနာဂတ်မှာလည်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။

အလားတူ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အကျိုးဆောင်မှုအခန်းကဏ္ဍကိုလည်း အလေးအနက်တန်ဖိုးထား လေးစားပါတယ်။ ဒါကြောင့် သူ့ရဲ့အထူးကိုယ်စားလှယ်ဖြစ်တဲ့ မစ္စတာဂမ်ဘာရီရဲ့ခရီးစဉ်တိုင်းမှာ အလေးထားပူးပေါင်းဆောင်ရွက်ပေးခဲ့သလို ယခု မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Quintana ရဲ့ ခရီးစဉ်မှာလည်း အလေးထားပူးပေါင်း ဆောင်ရွက်မှုကို အထင်အရှား ပြသနေခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ Mr.Quintana ရဲ့ လိုလားချက်အတိုင်း၊ တာဝန်ရှိသူများ၊ သံတမန်များ၊ ကုလသမဂ္ဂဌာနေအဖွဲ့၊ ငြိမ်းချမ်းရေးအဖွဲ့များ၊ NGO များနဲ့ တွေ့ဆုံခွင့်ပြုခဲ့တဲ့အပြင် ကရင်ပြည်နယ်နဲ့ အကျဉ်းထောင်များကို သွားရောက်ခွင့်ပြုရန် တင်ပြချက်များကိုလည်း အချိန်နှင့်အခြေအနေပေးမှု အပေါ်မူတည်ပြီး ဖြစ်မြောက်အောင် ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ပါတယ်။ ဒီလို နိုင်ငံတော်အစိုးရဘက်က Mr.Quintana နဲ့ လိုလိုလားလား ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဟာ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးအတွက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီနဲ့ အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိတယ် ဆိုတာကို ထင်ရှားစွာ ပြသလိုက်ခြင်းပဲ ဖြစ်ပါတယ်။

လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ ခန့်အပ်ထားရှိခြင်းဟာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေတွေ တိုးတက်အောင်လုပ်ဆောင်နိုင်ရေးအတွက် လိုအပ်တာတွေကို အကြံပြုကူညီဖို့ ဖြစ်ပါတယ်။ ဒါကိုပဲ ဆန့်ကျင်ဘက် မီဒီယာတွေက "၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲမတိုင်ခင် ပြည်တွင်း ဥပဒေတွေကို နိုင်ငံတကာ လူ့အခွင့်အရေးစံတွေနဲ့ ကိုက်ညီအောင် ပြင်ဆင်ဖို့၊ ယုံကြည်မှုကြောင့် အကျဉ်းကျခံနေရသူတွေကို လွှတ်ပေးဖို့၊ တရား စီရင်ရေးမှာလည်း လွတ်လပ်မှုရှိစေဖို့ စတာတွေအပါအဝင် လူ့အခွင့်အရေးအခြေအနေ တိုးတက်ဖို့ကိစ္စတွေမှာ ကုလသမဂ္ဂက တိုက်တွန်းထားတဲ့အတိုင်း မြန်မာအာဏာပိုင်တွေဘက်က ဘယ်လောက်အထိ ဆောင်ရွက်ပြီးပြီလဲဆိုတာကို စုံစမ်းမယ့်ကိစ္စတွေ ပါဝင်ဖွယ်ရာရှိပါတယ်"လို့ နှုတ်ကြောင်းပေးပြီး သာသာထိုးထိုး ထုတ်လွှင့်သွားခဲ့ပါတယ်။ သို့သော် ကုလသမဂ္ဂအနေနဲ့ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံရဲ့ အရေးကိစ္စမှာ ပါဝင်ကူညီဆောင်ရွက်တဲ့အခါတိုင်း သက်ဆိုင်ရာနိုင်ငံရဲ့ အချုပ်အခြာအာဏာ စီရင်ပိုင်ခွင့်နယ်ပယ်အတွင်း ကျရောက်တဲ့ကိစ္စများကို ဝင်မစွက်မိအောင် တာဝန်နဲ့လုပ်ပိုင်ခွင့်များ ချမှတ်ပေးထားပြီး ဖြစ်ပါတယ်။ ယခု Mr. Quintana အနေနဲ့လည်း မိမိကိုပေးအပ်ထားတဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်ဘောင်အတွင်းကနေ အသင့်လျော်ဆုံး ရလဒ်ကောင်းတွေ ပေါ်ထွက်လာအောင် သံကောင်း၊ တမန်ကောင်းပီသစွာ ဆောင်ရွက်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဒီအချက်ကို သတင်းစာရှင်းလင်းပွဲမှာ သူပြောသွားတဲ့ စကားတွေက သက်သေခံနေပါတယ်။

Mr.Quintana က "လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မှုများဖြစ်ပေါ်စေ ရေးအတွက် မြန်မာအစိုးရအဖွဲ့ထံ မိမိကအကြံပြုရာတွင် အပြုသဘောဆောင်သည့် တုံ့ပြန်မှုများရရှိခဲ့ကြောင်း၊ နေပြည်တော်၌ တရားသူကြီးချုပ်နှင့်တွေ့ဆုံခဲ့ရာတွင် လွတ်လပ်သော တရားစီရင်ရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးဆိုင်ရာ မိမိ၏အကြံပြုချက်များနှင့်ပတ်သက်၍ ဆွေးနွေးခွင့်ရရှိခဲ့ကြောင်း၊ ရှေ့နေချုပ်နှင့် ဆွေးနွေးရာတွင်လည်း ၂၀၁၀ ရွေးကောက်ပွဲကိစ္စ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းတဲ့ကိစ္စ၊ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတို့နဲ့ပတ်သက်ပြီး မိမိတို့အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း၊ ပြည်ထဲရေးဝန်ကြီးနှင့်တွေ့ဆုံခဲ့ရာတွင် မိမိ၏လူ့အခွင့်အရေးဆိုင်ရာ အကြံပြုချက်များနှင့်ပတ်သက်၍ အလေးထားမည်ဟု ၎င်းကတုံ့ပြန်ပြောဆိုခဲ့ကြောင်း" စသဖြင့် အခြေအနေမှန်များကို ပွင့်ပွင့်လင်းလင်း မခြွင်းမချန် ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

ဒ့ါအပြင် သတင်းစာရှင်းလင်းပွဲမှာ သတင်းထောက်များရဲ့ မေးမြန်းမှုများနဲ့ပတ်သက်ပြီး ဦးဝင်းတင်က မိမိအား မည်သည့်အတွက်ကြောင့် တွေ့ဆုံနိုင်ခြင်းမရှိသည်ကို မသိရှိပါကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအပေါ်တွင် မိမိ၏ အကြံပြုချက်များနှင့် ပတ်သက်ပြီး တရားသူကြီးချုပ်က အပြုသဘော တုံ့ပြန်သည်မှာ ယခုခရီးစဉ်၏ တိုးတက်မှုပင် ဖြစ်ပါကြောင်း စသဖြင့် ပြောကြားသွားပါတယ်။ မြန်မာအစိုးရဘက်က အပြုသဘောတုံ့ပြန်မှုတွေရှိခဲ့လို့ ဒီခရီးစဉ်ဟာ တိုးတက်မှုရှိတယ်လို့ သတင်းစာရှင်းလင်းပွဲမှာ အတိအလင်း ပြောကြားလိုက်ခြင်း ဖြစ်ပါတယ်။ ဒါကိုပဲ ဆန့်ကျင်ဘက်မီဒီယာတွေကတော့ ဘယ်သူဘယ်ဝါနဲ့ တွေ့ခွင့်မရလို့၊ ဘယ်အဖွဲ့နဲ့ တွေ့ခွင့်မရလို့ ဒီခရီးစဉ်ဟာ မူလရည်မှန်းချက်တွေ အပြည့်အဝအထမြောက်တယ်လို့ မဆိုနိုင်ဘူး၊ ဘာရလဒ်မှတိတိကျကျ ထွက်ပေါ်လာတာမျိုးမရှိဘူးလို့ ကြက်တူရွေးကတော်တော် မယ်ဘော်ကပိုကဲပြီး သဲပြုခွဲပြုနေပါတယ်။ ကိုယ့်အဖွဲ့အစည်းရဲ့ မရှိမဲ့ရှိမဲ့ နိုင်ငံရေးသိက္ခာလေးတောင်မှ မထိန်းနိုင်ကြတော့ပါဘူး။

သူတို့ဘာတွေပဲပြောနေပါစေ ကျွန်တော်တို့ပြည်သူတွေကတော့ မစ္စတာဂမ်ဘာရီရဲ့ ခရီးစဉ်မှာ အပေါင်းလက္ခဏာဆောင်တဲ့ တိုးတက်မှုရလဒ်ကောင်းတွေ ရရှိခဲ့တယ်လို့ ယုံကြည်ယူဆမိသလို ယခု Mr.Quintana ရဲ့ ခရီးစဉ်မှာလည်း အပြုသဘောဆောင်တဲ့ တိုးတက်ဖြစ်ထွန်းမှုတွေ အတော်များများရှိခဲ့တယ်လို့ သုံးသပ်ရှုမြင်မိပါတယ်။ တစ်ချိန်တုန်းကဆိုရင် အထူး အစီရင်ခံစာ တင်သွင်းသူတွေဟာ အိမ်နီးချင်းနိုင်ငံနယ်စပ်က ပြည်ပြေးတွေ၊ သောင်းကျန်းသူအကြွင်းအကျန်တွေ၊ နိုင်ငံရေးစားဖားကြီးတွေနဲ့ပဲ ထိတွေ့ခဲ့ကြပြီး သူတို့ပြောသမျှ အမှန်လုပ်ပြီး အစီရင်ခံစာတွေကို တစ်ဖက်နားနဲ့ သုံးသပ်ပြုစုရေးသားခဲ့ကြတာ မဟုတ်လား။ အခုဆိုရင် Mr. Quintana အနေနဲ့ ကျွန်တော်ရှေ့မှာပြောခဲ့သလို ကရင်ပြည်နယ်ကို သွားရောက်ခဲ့ပြီး ဒေသခံပြည်သူတွေရဲ့ ပကတိအခြေအနေမှန်ကို ကိုယ်တွေ့မျက်မြင် သိရှိလေ့လာခွင့်ရခဲ့တဲ့အပြင် နိုင်ငံတော်အစိုးရနဲ့ ငြိမ်းချမ်းရေးရယူထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ပါတွေ့ဆုံပြီး ဒေသခံတိုင်းရင်းသားတွေရဲ့ ဆန္ဒသဘောထား အမှန်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

Mr. Quintana အနေနဲ့ ကျွန်တော်ရှေ့မှာပြောခဲ့သလို ကရင်ပြည်နယ်ကို သွားရောက်ခဲ့ပြီး ဒေသခံပြည်သူတွေရဲ့ ပကတိအခြေအနေမှန်ကို ကိုယ်တွေ့မျက်မြင် သိရှိလေ့လာခွင့်ရခဲ့တဲ့အပြင် နိုင်ငံတော်အစိုးရနဲ့ ငြိမ်းချမ်းရေးရယူထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ပါ တွေ့ဆုံပြီး ဒေသခံတိုင်းရင်းသားတွေရဲ့ ဆန္ဒသဘောထားအမှန်တွေကို ကိုယ်တိုင် နားနဲ့ဆတ်ဆတ် ထိတွေ့ကြားနာခွင့်ရရှိခဲ့။

စာမျက်နှာ ၁၀ ဆောင်းပါးမှ

တွေကို ကိုယ်တိုင်နားနဲ့ ဆတ်ဆတ်ထိ တွေ့ကြားနာခွင့် ရရှိခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ခရီးစဉ်အတွင်း Mr.Quintana အနေနဲ့ တွေ့သင့် တွေ့ထိုက်သူ အားလုံးကို တွေ့ဆုံခွင့်ရရှိခဲ့ပြီး နိုင်ငံတော်ပိုင်းက ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်များအပေါ် သိနားလည်နိုင်ခွင့် ရရှိခဲ့ပါတယ်။ အပြန်အလှန် ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ်နိုင်ခဲ့ကြပြီး လိုအပ်ချက်များအပေါ် Mr.Quintana ဘက်က အပြုသဘော တင်ပြဆွေးနွေး အကြံပြုခဲ့သည်များ ရှိသလို နိုင်ငံတော်ဘက်က အပြုသဘောဆောင်တဲ့ တုံ့ပြန်မှုတွေ၊ အလေးထား ပူးပေါင်းဆောင်ရွက်လိုတဲ့ သဘောထားတွေ ပြသခဲ့တဲ့အတွက် ဒီခရီးစဉ်ဟာ တိုးတက်ဖြစ်ထွန်းမှု အလားအလာကောင်းတွေ ပေါ်ထွက်လာခဲ့တဲ့ ခရီးစဉ်တစ်ခုဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ကျွန်တော်ရှေ့ပိုင်းမှာ တင်ပြခဲ့သလို အကျဉ်းသားပေါင်း ၆၃၁၃ဦးကို စေလွှတ်ပေးခဲ့တာဟာလည်း ဒီခရီးစဉ်ရဲ့ နောက်ဆက်တွဲ ရလဒ်အဖြစ် ယူဆကောင်းယူဆနိုင်ပါတယ်။ အကယ်၍သာ အကျဉ်းသားများ လွတ်ငြိမ်းသက်သာခွင့်ပေးရာမှာ ကျွန်တော်တင်ပြခဲ့တဲ့ မူလရည်ရွယ်ချက်များအပြင် နိုင်ငံတော်အပိုင်းက Mr.Quintana ရဲ့ ခရီးစဉ်ဆွေးနွေး အကြံပြုချက်များအပေါ်အလေးထားမှုကို ပြသလိုတဲ့အနေနဲ့ အချက်တစ်ချက်အဖြစ် ထပ်တိုးစဉ်းစားပြီး စီမံဆောင်ရွက်ပေးခဲ့တာမှန်ရင်တော့ ဒါဟာ နိုင်ငံတော်အပိုင်းရဲ့ နောက်ထပ်အပြုသဘောဆောင်တဲ့ အလေးထားမှုတစ်ရပ်အဖြစ် သတ်မှတ်ရမှာပဲ ဖြစ်ပါတယ်။

ချုပ်ပြီးပြောရရင် တည်ဆဲအစိုးရအနေနဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အဆင့်(၅)(၆)(၇)များအတိုင်း အောင်မြင်ပြီးမြောက်အောင် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ပြည်သူများကလည်း လိုလား၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ထောက်ခံနေတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးနဲ့ပတ်သက်ပြီး တိတိကျကျ အချိန်ဇယားနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ရဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာ့အရေးကို စိတ်ရင်းစေတနာကောင်းနဲ့ ပါဝင်ကူညီကြမယ်ဆိုတာ ယုံမှားသံသယဖြစ်ဖွယ်မရှိပါဘူး။ ယခုလည်း Mr.Quintana ခရီးစဉ်ရဲ့ ရလဒ်ပိုင်းနဲ့ ပတ်သက်ပြီးတော့ အပြုသဘော ရှုမြင်သုံးသပ်မှုများ ထွက်ပေါ်လာလိမ့်မယ်လို့ အပြည့်အဝ ယုံကြည်လျက်ရှိကြောင်းပါ ခင်ဗျား။ ။

ကချင်ပြည်နယ် နောင်မွန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက မချမ်းဘောမြို့နယ် အလန်းဝါးကျေးရွာမူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများ၊ အဝတ်အထည်နှင့် ဆေးပစ္စည်းများထောက်ပံ့ပေးအပ်သည်။

ပေးအပ်

ထို့နောက် ကျေးရွာဥက္ကဋ္ဌ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးပြီး အထန်ဂါးကျေးရွာ မူလတန်းကျောင်း စားသောက်ဖွယ်ရာများနှင့် ကျောင်းဝတ်စုံများ၊ ကျောင်းသုံး ဗလာစာအုပ်များကို လည်းကောင်း ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နောင်မွန်းမြို့နယ် ဖတ်မာကျေးရွာနှင့် လဆယ်တုကျေးရွာသို့ ရောက်ရှိပြီး စားသောက်ဖွယ်ရာနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးသည် ရပ်ဘော့အမှတ်(၂)ကျေးရွာနှင့် ရပ်ဘော့ အမှတ်(၁) ကျေးရွာတို့သို့ရောက်ရှိပြီး ကျေးရွာဥက္ကဋ္ဌများ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးအပ်သည်။

အမှာစကားပြောကြား

ယင်းနောက် တိုင်းမှူးသည် ကွမ်လင်းကျေးရွာဥက္ကဋ္ဌထံ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ နောင်မွန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ မြို့နယ်ဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၁ရက် နံနက်၆နာရီက နောင်မွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက် သိပ္ပံလက်တွေ့ခန်းနှင့် သင်ကြားမှု အထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

တက်ရောက်

ဆက်လက်၍ တိုင်းမှူးသည် ရပ်ဘော့ကျေးရွာ၌ ရပ်ဘော့-ကော်လဲ့-ပန်နန်း ကားလမ်းပိုင်းအား တိုးချဲ့ ပြုပြင်ဖောက်လုပ်မှု စတင်ဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ရပ်ဘော့ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ တိုင်းမှူးနှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများတွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်၍ တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၃-၂-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၂၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၁၅ ၉။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု သင်ခန်းစာ(အင်္ဂလိပ်စာအပိုင်း-၁)
၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၄။ သွက်လက်လှုပ်ရှားကစားစို့လား
၆:၄၅ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၅၆)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး**(အပိုင်း-၃၉)

ဖန်းမော်စည်ပင် လမ်းဘေးဝဲယာချုံနွယ်များ ခုတ်ထွင်ရှင်းလင်း

ဖန်းမော် ဖေဖော်ဝါရီ ၂၂

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးဘိုဘိုလှိုင်ခေါင်းဆောင်သော သန့်ရှင်းရေးအဖွဲ့သည် ဇန်နဝါရီ ၁၂ရက်က ကွန်ပျူတာတက္ကသိုလ်သွားလမ်းရှိ လမ်းဘေးဝဲယာချုံနွယ်များ ခုတ်ထွင်ရှင်းလင်းရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် လူငယ်လက်ရွေးစင်အသင်းနှင့် Burca ကောလိပ်အသင်းတို့ ပွဲမကစားမီတွေ့ရစဉ်။(မြန်မာ့အလင်း)

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် လူငယ်လက်ရွေးစင်အသင်း

တူရကီနိုင်ငံ၌ လက်ရည်စမ်းပွဲများသွားရောက်ကစားပြီး အတွေ့အကြုံကောင်းများရရှိခဲ့

သတင်းမှတ်စု-ဖိုးသော်ဇင် ❖ ဓာတ်ပုံမှတ်တမ်း-စိုင်းရဲရင့် ❖ စာမျက်နှာဖွဲ့စည်းမှု-မေသန်း(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၂

Horizon Sports Academy ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် လူငယ်လက်ရွေးစင်အသင်းသည် ဖေဖော်ဝါရီ ၆ ရက်မှ ၁၆ရက်အထိ ၁၀ရက်ကြာ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ချစ်ကြည်ရေး လက်ရည်စမ်းပွဲများ သွားရောက်ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ့ဘတ်စကက်ဘော အားကစားတစ်ခေတ်ပြန်ဆန်းရန်ကြိုးပမ်းနေချိန် နိုင်ငံတကာပြိုင်ပွဲများနှင့် (၁၅) နှစ်ကြာ ကင်းကွာနေရာမှ ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရယူနိုင်ရန် ရေတို၊ ရေရှည်စီမံကိန်းများဖြင့် ဆောင်ရွက်နေသော မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်အတွက် ထိရောက်သော ဆောင်ရွက်မှုတစ်ခုဟု ဆိုရမည်ဖြစ်သည်။

ချစ်ကြည်ရေး

မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် လူငယ်လက်ရွေးစင်အသင်းသည် ချစ်ကြည်ရေးလက်ရည်စမ်းပွဲလေးပွဲကစားခဲ့ပြီး နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်များထွက်ပေါ်ခဲ့သည်။ တူရကီနိုင်ငံ၏ လိဂ်ပြိုင်ပွဲများမှ ကလပ်အသင်းများ၊ ကောလိပ်အသင်းများနှင့်ကစားခဲ့ခြင်းဖြစ်ပြီး အတွေ့အကြုံကောင်းများရရှိခဲ့သည်။ လက်ရည်စမ်းပွဲများသွားရောက်ကစားခဲ့သော အဖွဲ့ချုပ် လူငယ်လက်ရွေးစင်အသင်းမှာ ပြည်တွင်းပြိုင်ပွဲများတွင်လက်စွမ်းပြနေသော အသက် ၂၀နှစ်ကျော်ရှိ ကစားသမား အများစုဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

အားတက်ဖွယ်

တူရကီနိုင်ငံတွင် ကစားခဲ့သော လက်ရည်စမ်းပွဲ အတွေ့အကြုံများနှင့် ပတ်သက်၍ အုပ်ချုပ် သူအဖြစ်လိုက်ပါသွားသည့်မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးထင်လင်းပြည့်က ဤသို့ ရှင်းပြသည်။ "မိမိတို့ အဖွဲ့ချုပ် လူငယ်လက်ရွေးစင်အသင်းမှာ Horizon Sports Academy ၏ ပံ့ပိုးမှုဖြင့် တူရကီနိုင်ငံတွင် လက်ရည်စမ်းပွဲများ ကစားခဲ့ကြောင်း၊ ကောလိပ်အသင်းများဖြစ်သည့် Burca အသင်းကို ၇၁-၆၃မှတ်၊ Bank Asya Ciragan အသင်းကို ၇၅-၅၄မှတ် တို့ဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ တူရကီနိုင်ငံ၏ ပထမတန်းပြိုင်ပွဲတွင် ယှဉ်ပြိုင်နေသော Efes Pilsan အသင်း၏လူငယ်အသင်းနှင့် ယှဉ်ပြိုင်ရာတွင် ၇၇-၆၄ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယတန်းယှဉ်ပြိုင်နေသော Yesilyurt Sport အသင်းနှင့် ကစားရာတွင် ၁၀၂-၇၀မှတ်ဖြင့် ရှုံးနိမ့်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကိုယ့်ထက် ပညာ၊ ကျွမ်းကျင်မှုသာသည့် ကစားသမားများနှင့်ကစားရ၍အတွေ့အကြုံ အများကြီးရကြောင်း၊ မိမိတို့အဖွဲ့ချုပ်မှာ ပြည်ပပြိုင်ပွဲများနှင့် အဆက်ပြတ်နေရာမှ ပြီးခဲ့သည့်ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ၌ ကျင်းပခဲ့သော CBO ဖိတ်ခေါ်ပြိုင်ပွဲကို ပြန်လည်ယှဉ်ပြိုင်ခဲ့ကြောင်း၊ မိမိတို့ ကစားသမားများမှာ အာရှနှင့် ဥရောပတို့တွင် သွားရောက်ကစားထားပြီဖြစ်၍ ပြိုင်ဘက်အသင်းများထံမှ အတွေ့အကြုံသစ်များ၊ နည်းပညာကောင်း များစွာ ရရှိခဲ့ပါကြောင်း၊ အသစ်ပြန်လည် ဖွဲ့စည်းထားသော ဘတ်စကက်ဘောအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌ

"အတွေ့အကြုံကောင်းတွေ အများကြီး ရခဲ့ပါတယ်"
ဦးထင်လင်းပြည့် (အုပ်ချုပ်သူ)

အပါအဝင် အမှုဆောင်အားလုံးမှာ ကစားသမားဟောင်းများဖြစ်ပြီး ဘတ်စကက်ဘော အားကစားကိုချစ်လို့ မြန်မာ့ဘတ်စကက်ဘော အားကစား တိုးတက်အောင်မြင်စေချင်၍ ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မယှဉ်ပြိုင်နိုင်တာ ကြာပြီဖြစ်သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ပြန်လည်ယှဉ်ပြိုင်နိုင်ရန်အတွက်လည်း ဆောင်ရွက်နေပါကြောင်း" ဖြင့် ပြောကြားသည်။ မြန်မာဘတ်စကက်ဘောအားကစား ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရန်၊ဘတ်စကက်ဘော အားကစားနည်းကို လူငယ်အများစု စိတ်ဝင်စားလာစေရန်အတွက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်း အပါအဝင် အမှုဆောင်အားလုံးက ငွေအား၊ လူအား စိုက်ထုတ်ကာ ဆောင်ရွက်နေကြကြောင်း အားတက်ဖွယ် ကြားသိခဲ့ရသည်။

အဓိကပံ့ပိုး

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် လူငယ်လက်ရွေးစင် အသင်းကို တူရကီနိုင်ငံတွင် လက်ရည်စမ်းပွဲများ ကစားခွင့်ရရန် အဓိက ပံ့ပိုးပေးခဲ့သော Horizon Sports Academy မှ ဒါရိုက်တာ Mr.Omer Celik က "မိမိတို့အနေဖြင့် မြန်မာ့ ဘတ်စကက်ဘော အားကစား ပိုမိုတိုးတက်လာစေရန်၊ မြန်မာကစားသမားများ နိုင်ငံတကာပွဲ အတွေ့အကြုံကောင်းများရရှိပြီး ပြည်ပပြိုင်ပွဲများအတွက် အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ စီစဉ်ဖြစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလို သွားရောက် ကစားနိုင်ခဲ့၍ အနာဂတ်၌ မြန်မာနိုင်ငံနှင့်တူရကီနှစ်နိုင်ငံ အကြား အားကစား တိုးတက်အောင်မြင်ရေးအတွက် အပြန်အလှန် ချစ်ကြည်ပူးပေါင်းမှုများ ပိုမိုဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း" ဖြင့်ပြောကြားခဲ့သည်။

အဖွဲ့ချုပ် လူငယ်လက်ရွေးစင် နည်းပြ Mr. Osman Yagci (Horizon Sports Academy)က "မိမိတို့ ကစားသမားများ၏ကစားအားကို အားရကျေနပ်မိကြောင်း၊တူရကီနိုင်ငံရှိကောလိပ်အသင်းများ၊ ကလပ်အသင်းကောင်းများနှင့် ကစားခဲ့ရ၍ အတွေ့အကြုံကောင်းများစွာ ရရှိခဲ့ပြီး ယခု ရရှိထားသော အတွေ့အကြုံများကို စဉ်ဆက်မပြတ် လေ့ကျင့်သွားရန် လိုအပ်ပါကြောင်း၊ တူရကီ ဘတ်စကက်ဘော အဖွဲ့ချုပ်ကလည်း နွေးထွေးစွာ ကြိုဆိုခဲ့ပြီး လက်ရည်စမ်းပွဲများ ထပ်မံ ကစားနိုင်မည်ဟုမျှော်လင့်ပါကြောင်း" ဖြင့် ပြောကြားခဲ့သည်။ ။ **(မြန်မာ့အလင်း)**

ကချင်ပြည်နယ် နောင်မွန်းမြို့နယ် ရပ်ဘော့-ကော်လဲ့-ပန်နန်း ကားလမ်းပိုင်း တိုးချဲ့ ပြုပြင်ဖောက်လုပ်

မြန်မာ့ဘတ်စကက်ဘောအားကစား တစ်ခေတ်ဆန်းသစ်ရန် နိုင်ငံတကာပြိုင်ပွဲများသို့ ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်သွားမည်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ခေတ်မီမြေတိုင်းသင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန တန်းမြင့်မြေတိုင်းနှင့် ခေတ်မီ မြေတိုင်းသင်တန်း အမှတ်စဉ်(၁၁)ဆင်းပွဲကို ဖေဖော်ဝါရီ၁၅ရက် နံနက်၉နာရီတွင် တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့် ပညာပေးရေးသင်တန်းကျောင်း၌ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်ကာ သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်ကာ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းက သင်တန်းဆင်း လက်မှတ်များပေးအပ်သည်။ **(သတင်းစဉ်)**

ကျောက်ဆည် အေးမြကြည်လင်ဈေး မီးဘေးလုံခြုံရေး စစ်ဆေး

ကျောက်ဆည် ဖေဖော်ဝါရီ ၂၂

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးလုံခြုံမှုရှိစေရေး အတွက် အဖွဲ့ပိုင် အေးမြကြည်လင် ဈေးတွင် သွယ်တန်းထားသော လျှပ်စစ်မီးလိုင်းများ စစ်ဆေးမှုအား လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်၊ ဒုတိယဦးစီးမှူး(ဈေး)၊ မြို့နယ် မီးသတ်ဦးစီးမှူးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ တို့က ဇန်နဝါရီ ၃၁ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သိန်းနီစည်ပင် မီးဘေးကြိုတင်ကာကွယ်ရေးလေ့ကျင့်

သိန်းနီ ဖေဖော်ဝါရီ ၂၂

သိန်းနီမြို့နယ်တွင် စည်ပင်သာယာရေးအဖွဲ့၏ မီးဘေးကြိုတင်ကာကွယ် ဇာတ်တိုက် လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၈ရက် နံနက်၁၀နာရီက မြို့မဈေးကြီး၌ ပြုလုပ်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်စောနှင့် ခေတ္တတွဲဖက် ပြည်နယ်မီးသတ် ဦးစီးမှူး ဦးကျော်လွင်တို့က ကြီးကြပ်ပြီး စည်ပင်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများနှင့် ပူးပေါင်း၍ ဇာတ်တိုက် လေ့ကျင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

လမ်းပိတ်ဆို့ထားမှုကြောင့် ခရီးသွားများ အခက်အခဲဖြစ်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် နှင်းဆီလမ်းနှင့် ကမ်းနားလမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်နှင့် ကွမ်းယာဆိုင်များမှာ လမ်းပိတ်ဆို့ရောင်းချနေသဖြင့် ခရီးသွားပြည်သူများ အနှောင့်အယှက်ဖြစ်ရသည့်အပြင် ၁၀ဘီးကားများ ပိတ်ဆို့ရပ်ထားမှုကြောင့် ကားများဝင်ထွက်သွားလာရေး အခက်အခဲဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နှင်းဆီလမ်းသား

မိတ္ထီလာဘူတာအတွင်း ပိတ်ဆို့နေသော ရေဆိုးမြောင်း ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

မိတ္ထီလာမြို့ စည်ပင်သာယာဈေးကြီးအတွင်းနှင့် ဈေးတောင်ဘက် အရှေ့ဘက် လူနေဆိုင်ခန်းများမှ နေ့စဉ်နှင့်အမျှ စွန့်ပစ်နေသော ရေဆိုးများသည် မိတ္ထီလာဘူတာကြီး၊ သံလမ်းများ အောက်တွင်ရှိသော မြေအောက်ကွန်ကရစ်ပိုက်လိုင်းမှ စည်သူချောင်းကြီးအတွင်းသို့ စီးဝင်ပါသည်။ ယခုအခါ ဈေးကြီးအတွင်းနှင့် အပြင်မှ စည်းကမ်းမဲ့ စွန့်ပစ်သော အမှိုက်၊ အညစ်အကြေး၊ မိလ္လာများကြောင့် ယင်းကွန်ကရစ်ပိုက်လိုင်းအတွင်း၌ ပိတ်ဆို့နေပါသည်။ ပိုက်လိုင်းအတွင်းမှအနံ့ဆိုးတို့ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်နေရပါသဖြင့် ယင်းရေဆိုးမြောင်းကို ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

မိတ္ထီလာသား

မြို့ချောင်းလမ်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ကျွန်းကုန်း-ဖဒါ-မြို့ချောင်းလမ်းမကြီးသည် အရေးပါသော လမ်းမကြီးဖြစ်ရာ အချို့နေရာများတွင် ကျင်း၊ ချိုင့်များဖြစ်ကာ ရာသီဥတုဒဏ်ကြောင့် ပျက်စီးနေပြီး ခရီးသွားများ၊ မော်တော်ယာဉ်များ ခက်ခဲစွာ သွားလာနေရပါသဖြင့် သက်ဆိုင်ရာမှပြုပြင်၍ ကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းကောင်းစေချင်သူ

ညော်နံ့ကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် မန်ကျည်းတန်းမြောက် အရှေ့ရပ်ကွက် ဥယျာဉ်လမ်းနှင့် စကားဝါပင်လမ်း၊ အလယ်လမ်း၊ နောက်ဖေးလမ်းကြားရှိ ထမင်းဆိုင်သည် မိုးမလင်းမီမှ ညနေစောင်းအထိ မီးသွေးဖိုကြီးငယ်များဖြင့် ကြော်လှော်ချက်ပြုတ်နေရာ ၎င်းမှထွက်ရှိသော အညော်နံ့များကြောင့် ကလေးလူကြီးများ ကျန်းမာရေး ထိခိုက်နေပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အညော်နံ့မခံနိုင်သူ

မော်တာသံကြောင့် အနှောင့်အယှက်ဖြစ်

စာတည်းခင်ဗျား-

ရန်ကင်းမြို့နယ် (၁၂)ရပ်ကွက် ကာယသုခလမ်းသွယ်ရှိ အိမ်တစ်အိမ်တွင် ပလတ်စတစ်ပိုက်များကို မော်တာကြီးဖြင့် နေ့ရောညပါ ဖြတ်လျက်ရှိရာ ၎င်းမော်တာသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ပါ၍ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံသာသူ

ခွေးကိုက်ခံရမည့်အန္တရာယ် ရှင်းပေးစေလို

စာတည်းရှင့်-

ကြည့်မြင်တိုင်မြို့နယ် ဦးလူမောင်လမ်း တိုက် ၈(အေ) ဒုတိယမြောက်လှေကား သုံးခန်းတွဲရှိ တိုက်ခန်းတစ်ခန်းအရှေ့တွင် ခွေးတစ်ကောင် မွေးထားရာ ကလေးငယ်များနှင့် ဧည့်သည်များကို တစ်ခါတစ်ရံ လိုက်ဆွဲပါသည်။ ထို့ပြင် လှေကား အတက်အဆင်း အမှောင်ထဲတွင် အိပ်နေတတ်သဖြင့် တိုက်ခန်းများ၌နေထိုင်သူများ ခွေးအန္တရာယ်ကို ကြောက်ရွံ့နေရသောကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ခွေးကြောက်သူ

စည်းကမ်းမဲ့ ဆိုက်ကားဂိတ်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံတောင် (စံပြ)ရပ်ကွက် ဦးချစ်မောင်လမ်းနှင့် ငွေလရောင်လမ်းထောင့်ရှိ ဆိုက်ကားဂိတ်အမှတ်(၂၅)မှ ဆိုက်ကားနင်းသူ အချို့နှင့် အနီးရှိ ဆိုက်ကားပြင်ဆိုင်သည် နံနက်မှညအထိ ဟိုရီသြဘ္ဘပွတရားကင်းစွာ အော်ဟစ်ဆဲဆိုခြင်း၊ခရီးသည်လုရှ် အချင်းချင်းရန်ဖြစ်ခြင်း၊ လမ်းသွားလမ်းလာ အမျိုးသမီးငယ်များအား နှောက်ယှက်ခြင်းတို့ကို စည်းကမ်းမဲ့ပြုမူနေသဖြင့် ယင်းဆိုက်ကားဂိတ်နှင့် ဆိုက်ကားပြင်ဆိုင်အား သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။**ကိုယ်တွေ့ခံစားနေရသူ**

အချဉ်နံ့နှင့် မီးစက်သံ ကြပ်မတ်ပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်(တောင်ပိုင်း) အောင်သစ္စာလမ်းရှိ နေအိမ်နှစ်အိမ်၏ မုန့်ဖတ်ဖိုလုပ်ငန်းမှ ထွက်ရှိလာသော အချဉ်နံ့နှင့် တစ်နေကုန် မီးစက်ကြီးမောင်းသံတို့ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်စေပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ရေဆိုးများ လမ်းမပေါ်စွန့်ပစ်မှု ဆောင်ရွက်ပြီး

၁၉-၁-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁)ရှိ **ရေဆိုးများလမ်းမပေါ် စွန့်ပစ်မှု ကြပ်မတ်ပေးစေချင်** ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

အသားဈေးသတ်မှတ်နှုန်းဖြင့် ရောင်းချရေးဆောင်ရွက်ပြီးစီး

၂၆-၁-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကော့သောင်းမြို့တွင် အသားဈေးနှုန်းများ စည်ပင်သတ်မှတ်ဈေး ရောင်းပေးပါ** ပေးစာနှင့်ပတ်သက်၍ သားသတ်လိုင်စင်ရ ဈေးသည်များအား စည်ပင်သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချစေရေး စစ်ဆေးကြပ်မတ် ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သဃ်န်းကျွန်း အထက(၃) မြတ်ဆရာပူဇော်မည်

သဃ်န်းကျွန်း အထက(၃) ၁၉၆၉မှ ၁၉၈၇-၈၈ ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် (စနေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်း မြသီလာခန်းမ၌ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၅၈၁၁၆၃နှင့် ၅၆၁၃၅၈တို့သို့ ဆက်သွယ်နိုင်သည်။

လက်ကိုင်ကွန်ပျူတာအဘိဓာန် ရောင်းချပေးမည်

ပညာရေးဝန်ကြီးဌာနနှင့် A&T International Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်သည့် DEFINED:e ခေါ် လက်ကိုင်ကွန်ပျူတာ အဘိဓာန်ကို မကြာမီ အများပြည်သူ အသုံးပြုနိုင်ရန်အတွက် ရောင်းချပေးတော့မည်ဖြစ်ရာ ဖုန်း-၃၉၂၁၅၂နှင့်၂၄၃၈၉၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

အွန်လိုင်းမြန်မာဘာသာပြန် ဆော့ဖ်ဝဲစမ်းသပ်မည်

ဆက်သွယ်မှုနည်းပညာ လျင်မြန်တိုးတက်နေသော ယနေ့အချိန်တွင် မြန်မာနိုင်ငံရှိ ကျေးလက်နေ ပြည်သူလူထုပါ အင်တာနက်သုံးစွဲမှုတွင်ကျယ်စေရန်အတွက် အွန်လိုင်းမြန်မာဘာသာပြန်ဆော့ဖ်ဝဲကို ယခုနှစ်နှစ်ဆန်းတွင် အကြိုစမ်းသပ်အသုံးပြုမည်ဖြစ်ကြောင်း မြန်မာသတင်းအချက်အလက်နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ ဖေဖော်ဝါရီ ၁၄ရက်၌ ကျင်းပသော သတ္တမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးက ပြောကြားသည်။

မြန်မာအဘိဓာန်စာအုပ်ဖြည့်စွက်ထုတ်ဝေ

မြန်မာစာပေကို စိတ်ဝင်တစား လေ့လာလိုသူများ၊ ကျောင်းသားကျောင်းသူများအတွက် အကိုးအကားပြု လက်ကိုင်ထားသင့်သော မြန်မာအဘိဓာန် (ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်တည်းဖြတ်ပုံနှိပ်ခြင်း)ကို ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ ဦးစီးဌာနက ထုတ်ဝေထားကြောင်း သိရသည်။

ဇလွန်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းရှိ မြသိန်းတန်မွေ့ရာရုံ၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုပါက ဖုန်း- ၅၁၀၃၆၇နှင့်၀၉-၅၁-၅၈၂၄၃ တို့သို့ ဆက်သွယ်နိုင်သည်။

ပန်းချီပြပွဲ ခင်းကျင်းပြသမည်

ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ Alingar Gallery တွင် အမျိုးသမီး ပန်းချီဆရာမ ၁၁ဦး၏ ပန်းချီလက်ရာများကို စုစည်း၍ Purity in Winter Debut 2009 အမည်ရှိ ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၂၅ရက်မှ မတ်၁ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ရာ နံနက်၉နာရီမှ ညနေ၅နာရီအတွင်း လာရောက်ကြည့်ရှုနိုင်ကြသည်။

လေးမျက်နှာမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၁၃၄၃၈နှင့် ၅၃၅၆၇၂တို့သို့ ဆက်သွယ်နိုင်သည်။

မန္တလေး နှစ် ၁၅၀ပြည့် အထိမ်းအမှတ် စာအုပ်ပြပွဲ

မန္တလေး နှစ်၁၅၀ပြည့် အကြိုအထိမ်းအမှတ်အဖြစ် အမြင်သစ်စာအုပ်ပြပွဲနှင့် အရောင်းပွဲကို မန္တလေးအသင်း ကုန်သည်လမ်း (၂၉×၃၀လမ်းကြား) အမှတ် ၆၂၈/၆၃၂ရှိ ရတနာပုံအနုပညာခန်းမတွင် ဖေဖော်ဝါရီ ၂၁ရက်မှ မတ် ၁၀ရက်အထိ ကျင်းပလျက်ရှိရာ စာပေချစ်မြတ်နိုးသူများ နံနက် ၉နာရီမှ ညနေ၅နာရီအထိ လာရောက်ကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရသည်။

အထက(၄)သဃ်န်းကျွန်း မြတ်ဆရာပူဇော်မည်

အထက(၄)သဃ်န်းကျွန်းတွင် ၁၉၈၅မှ ၂၀၀၈ခုနှစ်အထိ ပညာသင်ပေးခဲ့ကြသော အငြိမ်းစားဆရာ ဆရာမများအား ပူဇော်ပွဲကို မတ် ၂၂ရက် (တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၇၇၇၉၀၈နှင့် ၅၇၂၃၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပဲခူး အထက(၃) မြတ်ဆရာပူဇော်မည်

ပဲခူးမြို့ အထက(၃) (ယခင်အမျိုးသားတန်းမြင့်ကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားခဲ့သော ဆရာ ဆရာမကြီးများအား ပူဇော်ပွဲကို မတ်လအတွင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၅၀-၇၁၀၇၁နှင့် ၀၉-၈၀-၃၂၇၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ။ **(မြန်မာ့အလင်း)**

စုစည်းရေးသားသူ - ဝင်းကျော်

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ရန်ကုန်တိုင်း၌ နေ့အပူချိန် ၉၉ဒီဂရီစင်တီဂရိတ်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဖေဖော်ဝါရီ၂၃ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရလျှင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဖေဖော်ဝါရီ၂၃ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။

ဖေဖော်ဝါရီ၂၂ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ရန်ကုန်တိုင်း၌ နေ့အပူချိန် ၉၉ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့သည်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ဒီဂရီစင်တီဂရိတ်နှင့် လားရှိုးမြို့၌ ၄ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့၌ ဝဒသမ ၁၁လက်မဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေမည်ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ် တပို့တွဲလကွယ်နေ့

(ဥပုသ်နေ့)

၂၃-၂-၂၀၀၉ရက်

(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၅ ၇။ **စက်မှုဇုန်မှာကျွန်မစက်ရုံ လာတည်တော့မယ်** ဖြိုးငွေစိုး၊ မိုးဒီ၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
- ၈:၂၀ ၈။ သူဌေးရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၂၅ ၄။ အကပဒေသာ
- ၄:၃၅ ၅။ မြန်မာစာ မြန်မာစကား
- ၄:၅၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
- ၅:၀၀ ၇။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(အင်္ဂလိပ်စာ ဘာသာရပ်) (အပိုင်း-က)
- ၅:၂၅ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၃၀ ၉။ **တစ်လောကလုံး လင်းပါစေ** ပြေတီဦး၊ မိုးပြည့်ပြည့်မောင်၊ မေသဥ္စာဦး၊ ဝါဝါအောင်၊ ဇော်ဖုံးပွင့် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
- ၅:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ ဆိုကြမယ်ပျော်ကြမယ်
- ၇:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ** (အပိုင်း-၁၄)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၂၉)
- ၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၅)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား ဟာဂျီ မိုဟာမက် ဘိုလ်ကီးယားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် အမက(၁၄) စာပေနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၄ရက်က ကျင်းပရာ မြို့နယ်ဘက်စုံထူးချွန်ဆုနှင့် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက်(ပထမ)ဆုရရှိသူ Grade-5 (F)မှမောင်ထူးအောင်လွင်အား ဆရာကြီး ဦးစိုးကြည် (လ/ထ ညွှန်ကြားရေးမှူး၊ငြိမ်း) က ဆုချီးမြှင့်စဉ်။ (၁၃၅)

■ *ကျော့ဖုံးမှ*

ကာကွယ်နိုင်

ရေနွေးကြမ်းတွင်ပါဝင်သော အမိုင်နို အက်စစ်နှင့် အခြားဓာတ်ပေါင်းများက ခန္ဓာကိုယ်အတွင်း ဖြစ်ပွားနိုင်သော ရောဂါ အများအပြားကို ကာကွယ်ပေးနိုင်စွမ်းရှိကြောင်း၊ ရေနွေးကြမ်း ပုံမှန်သောက်သုံးသူများ ၄၀၀၀ ကို လေ့လာ သုတေသနပြုချက်အရ ၎င်းတို့သည် လေဖြတ်ရောဂါ ဖြစ်ပွားမှုမရှိကြကြောင်း တွေ့ရသည်ဟု ဗြိတိသျှ သုတေသနပညာရှင်များက ပြောကြားသည်။

၁၉-၂-၂၀၀၉ သတင်းစာပါ ရောရွှေဝါကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်အိထားဖြူ အထက်တန်းရှေ့နေ(၂၅၃၃၅) ဦးအောင်နိုင် တရားရုံးချုပ်ရှေ့နေနှင့် ဥပဒေအတိုင်ပင်ခံ (၃၈၅၅)၊ ဦးတင်အေး တရားရုံးချုပ်ရှေ့နေနှင့် ဥပဒေအတိုင်ပင်ခံ(၃၄၅၀)တို့၏ ကြေညာချက်အပေါ် တာဝန်ရှိသူတို့နှင့် အများသိစေရန် ရှင်းလင်းကြေညာချက်

မကွေးမြို့၊ အောင်စေတနာ(ဘီ)ရပ်ကွက်နေ ရွှေမေတ္တာဇီဝမြေဩဇာ အရောင်းကိုယ်စားလှယ် ဦးဟန်ချို(ခ) ဦးသန်းဆွေဦးက အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရောရွှေဝါကုမ္ပဏီလီမိတက်လုပ်ငန်းခွဲ ရွှေမေတ္တာဇီဝမြေဩဇာလုပ်ငန်း၏ မကွေးအရောင်းကိုယ်စားလှယ် ခန့်အပ်ပေးရန် ကျွန်ုပ်က ကုမ္ပဏီရုံးချုပ်သို့ ကိုယ်တိုင်လာရောက် လျှောက်ထားချက်အရ ခန့်အပ်ခဲ့ခြင်းမဟုတ်ပါ။ မကွေးမြို့မှာပင် ကုမ္ပဏီကနှုတ်ဖြင့် ခန့်အပ်ခဲ့ခြင်းဖြစ်ပါသည်။ ကုမ္ပဏီမှ ရောင်းချခဲ့သော ဇီဝမြေဩဇာအိတ်များ၊ လုပ်ငန်းသုံး ပုံသေပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ တရားဝင်စစ်ဆေးအတည်ပြုချက်အရ ကျွန်ုပ်က မြေ၊ မော်တော်ကားတစ်စီး၊ ဆိုင်ကယ်ခုနစ်စီး၊ လုပ်ငန်းသုံးပရိဘောဂပစ္စည်းများ၊ ကုမ္ပဏီသို့ လွှဲပြောင်းပေးရန် တာဝန်ရှိနေသည်ဆိုခြင်းမှာ မမှန်ပါ။ ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ သဘောတူညီချက်အရ ကုမ္ပဏီကိုယ်စား ဦးတင်ဌေး(ဒုအထွေထွေမန်နေဂျာ၊ မြေဩဇာလုပ်ငန်း)နှင့် ကျွန်ုပ်တို့ အသိသက်သေများ ရှေ့မှောက်၌ ချုပ်ဆိုကြသော ၂၅-၁၀-၂၀၀၈ရက်စွဲပါ ကတိစာချုပ်အရ မြေ၊ ကားတစ်စီး၊ ဆိုင်ကယ် (ခုနစ်စီး မဟုတ်ပါ) ငါးစီးနှင့် ပုံသေပိုင်ပစ္စည်းတို့ကို တန်ဖိုးသင့်ကာ စာရင်းရှင်းပြီးဖြစ်၍ ကျွန်ုပ်မှ ၃၁-၁၂-၂၀၀၈ရက်တွင် ပထမအရစ်၊ ၃၀-၆-၂၀၀၉ရက်တွင် ဒုတိယအရစ်၊ ၃၁-၁၂-၂၀၀၉ရက်တွင် တတိယအရစ်၊ ၃၁-၅-၂၀၁၀ရက်တွင် စတုတ္ထအရစ် စုစုပေါင်း (၄)ကြိမ်သာ အရစ်လိုက်ခွဲ၍ ကုမ္ပဏီသို့ ပေးသွင်းရန် တာဝန်ရှိပါသည်။

ထို့ကြောင့် ကျွန်ုပ်မှ မကွေးမြို့၊ ရန်အောင်ရပ်နေ ဦးအောင်ကျော်စိုး၊ တရားရုံးချုပ်ရှေ့နေ(၇၄၈၉)မှတစ်ဆင့် ၂၆-၁-၂၀၀၉ ရက်စွဲပါစာဖြင့် ရောရွှေဝါကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စားလှယ် ဦးတင်ဌေး)ထံ လိပ်မူကာ စာချုပ်ကတိနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆက်သွယ်အကြောင်းကြားခဲ့ပါလျက် ကျွန်ုပ်မှတိမ်းရှောင်နေသည့်အတွက် ကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပေးအပ်ရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် အရေးယူမည်ဖြစ်ကြောင်း ကြေညာချက်မှာ ကျွန်ုပ်၏ ဂုဏ်သိက္ခာကို များစွာထိခိုက်သလို ၂၅-၁၀-၂၀၀၈ရက်စွဲပါစာချုပ်နှင့် ၂၆-၁-၂၀၀၉ရက်ပါ ကျွန်ုပ်၏ရှေ့နေမှပေးပို့သော အကြောင်းကြားစာတို့အား ထိမ်ချန်မျက်ကွယ်ပြုရာရောက်နေပါသည်။

သို့ဖြစ်၍ လူကြီးမင်းတို့၏ ၁၉-၂-၂၀၀၉ရက် သတင်းစာပါ ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပေးပါရန် ရိုးသားစွာဖြင့် တာဝန်ရှိလူကြီးမင်းတို့နှင့် အများသိစေရန် ရှင်းလင်းကြေညာတောင်းဆိုအပ်ပါသည်။

ဦးဟန်ချို(ခ)ဦးသန်းဆွေဦး
၈/မကန(နိုင်)၁၁၀၉၅၄
အမှတ်၂၁၅၊ ၃လမ်း၊ အောင်စေတနာ(ဘီ)အုပ်စု၊
မကွေးမြို့၊ ဖုန်း-၀၉-၅၃-၄၀၈၅၁။

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ စကြာမင်းအရိုးကျိုးပေါင်းရောဂါ အထူးကုဆေးခန်းနှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီး ဆရာမြင့်အား ၈-၂-၂၀၀၉ ရက်တွင် India Kolkata မြို့၌ ကျင်းပပြုလုပ်သော 32nd Annual International Oriental Heitage Coference and Convocation တွင် Indian University of Oriental Heritage မှ Hony(Ph.D) (Ayurvedic Medicives) ဘွဲ့၊ ၎င်း Conference တွင် Astrological Research Project မှ ရွေးချယ်ပေးအပ်သော (Mother Teresa Award) ဆုတံဆိပ်နှင့် (Gold Medal) ရွှေတံဆိပ်ဆုများကို ပေးအပ်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါသည်။

မုံရွာ-ဆရာမိုး
(မုံရွာဆရာမိုးရောက်တစ်လုံးဝမ်းမှန်ဆေး)
ကိုကျော်ကိုကိုရှိန်း-မမိုးပြည့်ပြည့်ဖြိုး
မြေး-မောင်ကျော်ကိုကိုဆက်နိုင်
မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်နေ
ဒုတိယဗိုလ်မှူးကြီးချို၀င်းအောင်-ဒေါ်ခင်၀င်းမူတို့၏
တစ်ဦးတည်းသောသား
မောင်၀င်းထိုက်(ခ)ဂျူဂျူး B.A (English)
နှင့်
ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ
ဦးစိုးပိုင်-ဒေါ်သိန်းမြင့်(Architect) တို့၏
တစ်ဦးတည်းသောသမီး
မသိမ့်သိမ့်နွယ်(ခ)သဲသဲ B.A (English)

တို့သည် ၁၉-၂-၂၀၀၉ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်၀င်းထိုက်-မသိမ့်သိမ့်နွယ်။

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ ဆုတောင်း

ကျေးဇူးရှင် **ချစ်ဖေဖေ ဦးတင်၀င်း- ချစ်မေမေ ဒေါ်ကြည်ကြည်မြင့်** တို့၏ ၂၃-၂-၂၀၀၉ရက်တွင်ကျရောက်သည့် နှစ်(၅၀)မြောက် ရွှေရတုမင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင်အောင် ချစ်စွာသော သား၊ သမီး၊ မြေးများနှင့်အတူ ချမ်းမြေ့ပျော်ရွှင်စွာ လျှောက်လှမ်း၍ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးများကို သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်....။

ချစ်သားသမီးများ-

သားကြီး	- မောင်အောင်မျိုး၀င်း-မငုဇေခိုင်
သား	- မောင်မျိုးဇော်၀င်း-မသင်းသင်းဌေး
သမီး	- မောင်မင်းနိုင်ဆန်း-မဆုဆု၀င်း(ရဲရင့်ကဖီး)
သား	- မောင်ဇော်ဌေး၀င်း-မမိုးမိုးမင်းသူ(ရဲရင့်ပို့ဆောင်ရေး)
သား	- မောင်ညီညီ၀င်း-မစန္ဒာအေး
သမီး	- မောင်ကျော်ကျော်နိုင်-မစန္ဒာ၀င်း

ချစ်မြေးများ-

ခင်ပြည့်စုံသူ၊ နိုင်ရဲရင့်အောင်၊ VITO၊ OTTO၊ ရာဇာဘုန်းပိုင်၊ ချောပုဏ္ဏမီကျော်၊ သုခအောင်၊ ခင်စစ်သွေးဇော်။





MEIC / MEIS

ဝန်ထမ်းဟောင်းများ၏ ဒုတိယအကြိမ် မိတ်ဆုံစားပွဲ ဖိတ်ကြားခြင်း

ကျင်းပမည့်နေ့ : ၂၈-၂-၂၀၀၉ရက် (စနေနေ့)
ကျင်းပမည့်အချိန် : နံနက် ၉း၀၀နာရီ
ကျင်းပမည့်နေရာ : နှင်းဆီကုန်းဘိုးဘွားရိပ်သာ(ဗဟန်း)

(ပြန်လည်ဆုံစည်းကြမည်၊ ထမင်းလက်ဆုံစားကြမည်၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လာခဲ့ကြဖို့ ဖိတ်ကြားပါသည်။)

ပျောက်ဆုံးခြင်း

ကျွန်တော် ဥက္ကာမင်း ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်-၂၈၅၉၉၁သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀-၄၆၇၈၀။**

အသိပေးကြေညာခြင်း

ကျွန်မ ဒေါ်မြင့်မြင့်ကြည်(MDYNE - 007558)နှင့် ဦးသန့်လွင်ဦး (ZLN-114740) တို့သည် ၁၂-၂-၁၉၈၇ရက်မှစ၍ တရား၀င် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သမီးတစ်ဦးထွန်းကား၍ ယနေ့တိုင် ပေါင်းသင်းနေထိုင်လျက်ရှိပါကြောင်းနှင့် ကျွန်မ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် ပြုမူပြောဆိုသူများအား တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်မြင့်မြင့်ကြည်
MDYNE - 007558



ကျေးရွာချင်းဆက် ကျောက်ချောလမ်း ကွင်းဆင်းစစ်ဆေး

ဗန်းမော် ဖေဖော်၀ါရီ ၂၂

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် စီအင်-ခိုကျင် ကျေးရွာချင်းဆက် ကျောက်ချောလမ်း ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ၁ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာ၀န်ခံအင်ဂျင်နီယာ ဦးကျော်လွင်ဦးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာလုပ်ငန်းတာ၀န်ခံအငယ်တန်းအင်ဂျင်နီယာ-၂ ဦးစိုးနေလင်းက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

လမ်းဘေးဝဲယာချုံနွယ်များ ခုတ်ထွင်ရှင်းလင်း

ဗန်းမော် ဖေဖော်၀ါရီ ၂၂

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဒုတိယဦးစီးမှူး ဦးဘိုဘိုလှိုင် ခေါင်းဆောင်သော သန့်ရှင်းရေးအဖွဲ့သည် ဇန်နဝါရီ၂ရက်က ကွန်ပျူတာတက္ကသိုလ်သွားလမ်းရှိ လမ်းဘေး ဝဲယာချုံနွယ်များခုတ်ထွင်ရှင်းလင်းရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**



ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ချယ်လ်ဆီးတို့ နည်းပြသစ်ရှာရပေဦးမည်

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ❖ ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၂၁

ချယ်လ်ဆီးနည်းပြသစ် ဂူဟစ်ဒင့်ကစတန်းဖို့ဒ်ဘရစ်ကို ရောက်ရှိပြီးနောက် ပထမဆုံးသတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ၂၁ရက်က ကျင်းပတဲ့အခါ မိမိအနေနဲ့ ဒီနှစ်ရာသီကုန်အထိသာ ချယ်လ်ဆီးနည်းပြအဖြစ် ဆောင်ရွက်မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်ပြီ ဖြစ်ပါတယ်။

ဂူဟစ်ဒင့်

ယခုနှစ် ရာသီကုန် အထိသာ ချယ်လ်ဆီးနည်းပြအဖြစ် တာဝန်ယူမည့် ဂူဟစ်ဒင့်။
(အင်တာနက်ဓာတ်ပုံ)

အသက်၆၂နှစ် ရှိပြီဖြစ်တဲ့ ဒတ်ချ်နိုင်ငံသားဂူဟစ်ဒင့်ဟာ ချယ်လ်ဆီးကလပ်ကိုရောက်ပြီး ဘောလုံးသမားတွေရဲ့ အခြေအနေ၊ သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာခံစားမှုနဲ့ ဆန္ဒတွေကို နားထောင်ကြည့်တဲ့အခါ အတော်လေးစိတ်ပျက်သွားတယ်လို့ ဆိုပါတယ်။

ပွင့်ပွင့်လင်းလင်း

ဒါကြောင့် ဒီစိတ်ဓာတ်၊ ဒီလိုခြေစွမ်းနဲ့ ဒီလို ကြိုးစားအားထုတ်မှုအတိုင်းသာဆိုရင် ချယ်လ်ဆီးအသင်းဟာ ဒီနှစ် ပရီမီယာလိဂ်ဖလားကို ရနိုင်ဖို့မလွယ်ဘူးလို့လည်း ပွင့်ပွင့်လင်းလင်းဝေဖန်ပြောကြားခဲ့ပါတယ်။

ချယ်လ်ဆီးအသင်းရဲ့ ပရီမီယာလိဂ်လမ်းကြောင်းဟာ ခက်ခဲကြမ်းတမ်းနေသလို ချန်ပီယံလိဂ်လမ်းကြောင်းဟာလည်း ချောမွေ့မှုမရှိတာကြောင့် ဂူဟစ်ဒင့် ရာသီကုန်အထိ ဘယ်လိုစခန်းသွားရမယ်ဆိုတာ နည်းဗျူဟာချမှတ်နေတယ်လို့ ဆိုပါတယ်။

ခက်ခဲကျပ်တည်း

ဒါပေမယ့် မိမိအနေနဲ့ နည်းပြအဖြစ် တာဝန်ယူရတဲ့ကာလမှာ အကောင်းဆုံးအခြေအနေရရှိအောင် ကြိုးစားဆောင်ရွက်သွားမယ်လို့ ပြောကြားပြီး ခက်ခဲကျပ်တည်းတဲ့ ကာလကို ဖြတ်သန်းရသလို ခံစားရမိတယ်လို့ ဂူဟစ်ဒင့်က ပြောကြားနေပါတယ်။

ကြိုးစား

ချယ်လ်ဆီးအသင်းမှာ ဒရော့ဘာ၊ ဘောလက်နဲ့ ပီတာချက်တို့က အရင်နည်းပြဟောင်း စကိုလာရီလက်ထက်မှာ ပျော်ရွှင်မှုမရှိခဲ့ကြောင်း၊ စကိုလာရီရဲ့ ဗျူဟာတွေကို သဘောကျခြင်းမရှိကြောင်း၊ နည်းစနစ်အများတွေချမှတ်ပြီး ရှုံးပွဲကြုံတိုင်း ဘောလုံးသမားတွေအပေါ်သာ အပြစ်ပုံချလေ့ရှိကြောင်း နည်းပြ ဂူဟစ်ဒင့် ကြားသိခဲ့ရပြီး ဖြစ်လို့ ဒီအခက်အခဲတွေကို ပထမဆုံးဖြေရှင်းဖို့ ကြိုးစားနေပြီ ဖြစ်ပါတယ်။

မိမိတာဝန်ယူရတဲ့ ကာလအတွင်းမှာ ချယ်လ်ဆီးအသင်းအတွက် ကောင်းမွန်တဲ့ ရလဒ်တွေရရှိအောင် ကြိုးစားပေးသွားမှာဖြစ်ပြီး အသင်း စည်းလုံးညီညွတ်မှုရရှိအောင် အစွမ်းကုန်ကြိုးစားအားထုတ်ပေးသွားမှာဖြစ်ကြောင်း သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

ပွဲထုတ်ကစား

မိမိဟာ အနာဂတ်မှာရင်ဆိုင်ရမယ့် ပွဲစဉ်တွေအတွက်ပဲ အထူးအာရုံပြု ကြိုးစားပြင်ဆင်နေသလိုကစားသမားတိုင်း ကြိုးစားရင်ပွဲထုတ်ကစားသွားဖို့လည်း စီစဉ်ထားကြောင်း၊ မကြိုးစား၊ ခြေစွမ်းမပြနိုင်ဘဲ ထည့်သွင်းကစားမှာ မဟုတ်ကြောင်းလည်း ဂူဟစ်ဒင့်က ပြောကြားပါတယ်။

ရာသီကုန်

ဒါ့အပြင် ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲပြီးရင် နည်းပြအဖြစ်မှ အနားယူမယ်လို့ တရားဝင်ကြေညာခဲ့သလို အခုဘောလုံးရာသီကုန်အထိပဲ ချယ်လ်ဆီးနည်းပြတာဝန်ယူမှာဖြစ်ကြောင်း တရားဝင်ပြောကြားထားပါတယ်။

ရှာဖွေ

ဒါကြောင့် ချယ်လ်ဆီးအသင်းဟာ နည်းပြသစ် ဂူဟစ်ဒင့်ရဲ့ စွမ်းဆောင်မှုနဲ့ ဘယ်လောက် အောင်မြင်မှုရရှိမလဲဆိုတာရယ်၊ နည်းပြသစ် နောက်ထပ်တစ်ဦး အခုကတည်းက ရှာဖွေနေရပြီ ဆိုတာရယ်ကို တင်ပြလိုက်ရပါတယ်။ ။

အားကစားသတင်း အတိုအထွာ

■ စင်ကာပူနိုင်ငံက စားပွဲတင်တင်းနစ်အားကစား တိုးတက်အောင်မြင်မှုရရှိစေရန်အတွက် ပြည်ပနိုင်ငံများတွင် မွေးဖွားကြီးပြင်းသော စင်ကာပူနိုင်ငံသားများအား နိုင်ငံသားအဖြစ် လက်ခံကာ ပါဝင်ကစားစေမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ စားပွဲတင်တင်းနစ်အားကစားအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

❑ ဂျာမနီနိုင်ငံသား အန်တိုနီပေးအား ကင်ညာဘောလုံး အသင်းနည်းပြအဖြစ် ခန့်အပ်လိုက်သည်။ အန်တိုနီပေးသည် ကင်ညာဘောလုံးအသင်းကို ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးရမည်ဖြစ်ကြောင်း ကင်ညာဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

❍ ဒူးဒဏ်ရာကြောင့် ပွဲစဉ်အများအပြားနှင့် လွဲချော်နေသော ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး နစ္စတယ်ရွိုင်းသည် ဒဏ်ရာသက်သာလာပြီဖြစ်သဖြင့် မကြာမီအချိန်အတွင်း ပြန်လည်ကစားနိုင်တော့မည်ဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်ကလပ်က သတင်းထုတ်ပြန်သည်။

အာဆင်နယ်က အသစ်ခေါ်ယူထားသော အာရှာဗင်အား အာစင်ဝင်းဂါးက ပွဲဦးထွက်ထုတ်သုံးပြီ

လန်ဒန် ဖေဖော်ဝါရီ ၂၂

အာဆင်နယ်က အသစ်စာချုပ် ချုပ်ဆိုခေါ်ယူထားသော အင်ဒရီအာရှာဗင်အား ဖေဖော်ဝါရီ၂၁ရက်က ဆန်းဒါးလန်းနှင့် ယှဉ်ပြိုင်ကစားသောပွဲစဉ်တွင် နည်းပြ အာစင်ဝင်းဂါးက ပွဲဦးထွက်အဖြစ် ထုတ်သုံးခဲ့သည်။

ရုရှားနိုင်ငံသား အာရှာဗင်သည် ပြီးခဲ့သည့် ၂၀၀၈ခုနှစ် နိုဝင်ဘာလ ကတည်းက တစ်ပွဲမျှ ပါဝင်ယှဉ်ပြိုင် မကစားခဲ့ရသေးချေ။ သို့သော်လည်း ၎င်း၏ အာဆင်နယ်၌ ကစားခဲ့သော ပွဲဦးထွက် ပွဲစဉ်သည် ၎င်းအား တစ်စုံတစ်ခုသော အဆင့်သို့ ရောက်အောင် တွန်းပို့လိုက်ပြီ ဖြစ်သည်။

မဆုံးဖြတ်ရသေး

နည်းပြ အာစင်ဝင်းဂါးက အာရှာဗင်အား ထုတ်သုံးခဲ့ကြောင်း၊ သို့သော်လည်း အာရှာဗင်နှင့် ပတ်သက်ပြီး ၎င်းအနေဖြင့် မည်သည့်အရာကိုမျှ မဆုံးဖြတ်ရသေးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပြန်လည်ကစား

သို့သော်လည်း တိုက်စစ်မှူးအီဒွါဒိုသည် တံကောက်ကြောဒဏ်ရာကြောင့် သီတင်းနှစ်ပတ်အနားယူနေခဲ့ရရာမှ ဖေဖော်ဝါရီ၂၃ရက် **(ယနေ့)**တွင် အသင်း၌ပြန်လည်ကစားမည်ဖြစ်သည်။

လွဲချော်

အီဗူးသည် ပွဲပယ်ပြစ်ဒဏ်ရရှိရာမှ လွတ်မြောက်ကာ ပြန်လည်ပါဝင်လာမည် ဖြစ်ပြီး ဖျားနာမှုကြောင့် ကာဒစ်ဖ်အသင်းကို အနိုင်ရခဲ့သော ပွဲစဉ်နှင့် လွဲချော်ခဲ့သော ဒီဂျိုရိုလည်း ပြန်ကစားနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

မန်ယူခံစစ်မှူး ဂယ်ရီနဗီးလ် တစ်နှစ် ထပ်မံချုပ်ဆို

လန်ဒန် ဖေဖော်ဝါရီ ၂၂

မန်ယူအသင်းခေါင်းဆောင် ဂယ်ရီနဗီးလ်သည် အသင်းနှင့် တစ်နှစ်စာချုပ် ထပ်မံတိုးချဲ့ ချုပ်ဆိုလိုက်သည့်အတွက် ၎င်းသည် ၂၀၁၀ပြည့်အထိ မန်ယူအသင်းတွင် ဆက်ရှိနေမည်ဖြစ်ဖြစ်သည်။



မန်ယူအသင်းခေါင်းဆောင် နဗီးလ်

စတင်

အသက် ၃၄နှစ်ရှိ နဗီးလ်သည် ၎င်း၏ ကစားသမားဘဝ သက်တမ်း တစ်လျှောက်လုံး အိုးထရက်ဖို့ဒ်၌သာ မြှုပ်နှံထားခဲ့ပြီး မန်ယူအသင်းတွင် ၎င်း၏ ပွဲဦးထွက်ပွဲစဉ်အဖြစ် ၁၉၉၂ခုနှစ်က မော်စကို၌ တော်ပီဒိုအသင်းနှင့် ယှဉ်ပြိုင်ကစားသောပွဲ၌ စတင်ပါဝင်ကစားခဲ့သူ ဖြစ်သည်။

နဗီးလ်သည်မန်ယူအသင်း၌ ဘောလုံးအကျော်အမော် ရိုင်ယန်ဂစ်ကဲ့သို့ပင် စာချုပ်သစ် ထပ်မံတိုးချဲ့ချုပ်ဆိုခဲ့သူဖြစ်သည်။

ဝမ်းသာပျော်ရွှင်

မန်ယူအသင်းသည် မိမိကစားလိုသည့် တစ်ခုတည်းသောကလပ်ဖြစ်သဖြင့် ယခုကဲ့သို့ စာချုပ်ထပ်မံချုပ်ဆိုခွင့်ရရှိသည့် အတွက် မိမိအနေဖြင့် ဝမ်းသာပျော်ရွှင်မိကြောင်း ၎င်းက အသင်းဝက်ဘ်ဆိုက်သို့ ပြောကြားသည်။

လွန်ခဲ့သော ဘောလုံးရာသီနှစ်ရာသီက ဂယ်ရီနဗီးလ်သည် ဒဏ်ရာ၏ နှိပ်စက်မှုကိုခံခဲ့ရပြီး ဒူးဒဏ်ရာကြောင့် အရန်ခုံ၌သာ ထိုင်ခဲ့ရကြောင်း သတင်း၌ဖော်ပြသည်။
(အင်တာနက်)

တင်းနစ်အကျော်အမော်နာဒယ်လ် ဒူဘိုင်းအိုးပင်းပြိုင်ပွဲမှ ထွက်ခဲ့ရ

လန်ဒန် ဖေဖော်ဝါရီ ၂၂

ကမ္ဘာ့အဆင့်(၁)ရှိ တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်လ်သည်ရော်ဂျာဖက်ဒဲယားနှင့် ယှဉ်ပြိုင်ကစားပြီးနောက် ဒဏ်ရာကြောင့် လာမည့် သီတင်းပတ်တွင် ယှဉ်ပြိုင်ကစားရမည့် ဒူဘိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။

နာဒယ်လ်သည် ပြီးခဲ့သည့် သီတင်းပတ်က ရော့တာဒမ်၌ အန်ဒီမာရေးအား ရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် ဒူးဒဏ်ရာပြဿနာများဖြင့် ရုန်းကန်နေခဲ့ရပြီး ဆေးဘက်ဆိုင်ရာ အကြံပေးချက်အရ အနားယူရန် ဆုံးဖြတ်ခဲ့သည်။

ရော့တာဒမ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင်ဒူးဒဏ်ရာခံစားရစဉ် ဆရာဝန်ကမိမိအား အနားယူရန် အကြံပေးခဲ့ကြောင်း၊ ဒဏ်ရာသည် စိုးရိမ်စရာမလိုသော်လည်း အနားယူရန်လိုအပ်သည်ဟု ဆရာဝန်က ပြောကြားခဲ့ကြောင်း၊ မိမိအနေဖြင့် မိမိအားအားပေးသော ပရိသတ်နှင့် ပွဲစီစဉ်ပေးသူများအား နားလည်ပေးပါရန် တောင်းဆိုလိုကြောင်း နာဒယ်လ်က ၎င်းပိုင်ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့သည်။

ဖက်ဒဲယားသည် ဒဏ်ရာမှ ပြန်လည်သက်သာလာရန်အတွက် ဖေဖော်ဝါရီ ၁၇ ရက်က တင်းနစ်ကစားခြင်းမှအနားစတင်ယူကာ မတ် ၆ရက်မှ ၈ရက်အထိ ဆွစ်ဇာလန်နိုင်ငံ၌ အမေရိကန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်နိုင်တော့မည် မဟုတ်ချေ။ **(အင်တာနက်)**

အာရ်အမ်ကေတင်းနစ်ပြိုင်ပွဲ၌ ဗြိတိသျှတင်းနစ်မယ် ကီယိုသာဗွန် အကြိုဗိုလ်လုပွဲတက်ရောက်

လန်ဒန် ဖေဖော်ဝါရီ ၂၂

တင်းနစ်မယ် ကီယိုသာဗွန်သည် အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်း တင်နက်ဆီပြည်နယ် မင်ဖစ်မြို့တွင်ကျင်းပသော အာရ်အမ်ကေချန်ပီယံရှစ် တင်းနစ်ပြိုင်ပွဲတွင် နယူးဇီလန်မှ တင်းနစ်မယ် မာရီနာအီရာကိုဗစ်အား၆-၂၊၁-၆၊၆-၂ဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားပြီဖြစ်သည်။

တက်လှမ်းနိုင်

ကီယိုသာဗွန်သည် ပထမပွဲငယ် နှစ်ခု ရှုံးနိမ့်ပြီးနောက် ကျန်ပွဲခြောက်ခုတွင် အနိုင်ပြန်လည်ရရှိကာ ယခုကဲ့သို့အကြို ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၅နှစ်ရှိ လန်ဒန်မြို့သူ တင်းနစ်မယ်ကီယိုသာဗွန်သည် ပထမပိုင်းတွင် အရေးနိမ့်နေခဲ့သော်လည်း ဒုတိယပိုင်းတွင် ပြန်လည်အဖတ်ဆယ်နိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲစဉ်ငယ်လေးပွဲတွင်ကီယိုသာဗွန်သည် အီရာကိုဗစ်အား ဆက်တိုက် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။ (အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ဒူဘိုင်းအိုးပင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ဗီးနပ်စ်နှင့် ဆီရီနာတို့ ထိပ်တိုက်ဆုံတွေ့မည်

လန်ဒန် ဖေဖော်ဝါရီ ၂၂

ယူအေအီးနိုင်ငံတွင် ကျင်းပသော ဒူဘိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ၌ ဆီရီနာဝီလျံ**(ဝဲပုံ)**သည် အန်နာအီဗနိုဗစ်အား ၆-၄၊၆-၄ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲ၌ အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဗီးနပ်စ်ဝီလျံသည်လည်း အကြိုဗိုလ်လုပွဲတွင် ချန်ပီယံသရဖူကာကွယ်သူ အီလီနာဒီမင်တီဗာအား ၆-၃၊ ၆-၃ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ဆုဖလားကိုးလုံး

ယခု ပြည်ပတင်းနစ်ပြိုင်ပွဲတွင် မိမိတို့ညီအစ်မနှစ်ဦးသည် အကောင်းဆုံးတင်းနစ်မယ်များဖြစ်သည်ကိုပြသခဲ့ပြီး ဖြစ်ကြောင်း၊ ယခုအခါမိမိတို့၏ ပြိုင်ပွဲများကို ပိုမိုစိတ်လှုပ်ရှားအောင် အကောင်းဆုံးကစားနိုင်ခဲ့သူများဖြစ်လာပြီကို ရှင်းလင်းစွာသိနိုင်ပြီဖြစ်ကြောင်း အသက် ၂၈နှစ်ရှိအစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံနှင့်အတူ တင်းနစ်ဆုဖလားကိုးလုံးစီ စံချိန်တင်ရယူထားခဲ့သူ အသက် ၂၇နှစ်ရှိ ဆီရီနာဝီလျံက ဖွင့်ဟပြောကြားခဲ့သည်။

ယှဉ်ပြိုင်ရခက်ခဲ

ပြီးခဲ့သည့်လက သြစတြေးလျ အိုးပင်းတင်းနစ်ဆုဖလားကို ဆွတ်ခူးခဲ့သူ ဆီရီနာက အီဗနိုဗစ်သည် ယှဉ်ပြိုင်ရခက်ခဲသော တင်းနစ်မယ်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **(အင်တာနက်)**

ဟူးလ်တိုက်စစ်မှူး ကရစ်ဖာဂန် ဒူးဒဏ်ရာ ခွဲစိတ်ကုသခံရမည်

လန်ဒန် ဖေဖော်ဝါရီ ၂၂

ဟူးလ်စီးတီးတိုက်စစ်မှူး ကရစ်ဖာဂန်သည် ဒူးဒဏ်ရာ ခွဲစိတ်ကုသခံရမည်ဖြစ်ကြောင်း၊ ယင်းခွဲစိတ်မှုကြောင့် သုံးပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။



ဖာဂန်သည်ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက ဟူးလ်စီးတီးက နယူးကာဆယ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်သောပွဲတွင် ခြေကျိုးခဲ့သဖြင့် ယခုရာသီပွဲစဉ်များနှင့် လွဲချော်ခဲ့ရသည်။

ဂိုးများသွင်း

ဖာဂန်သည်ခြေကျိုးရာမှ ကြံ့ခိုင်မှုပြည့်ဝပြီးနောက်မန်စီးတီး၊ဝက်စ်ဘရွန်းတို့နှင့် ယှဉ်ပြိုင်ကစားသော ပွဲစဉ်များတွင် ဂိုးများသွင်းယူပေးခဲ့သည်။
(အင်တာနက်)

ပြင်ဆင်ဖတ်ရှုပေးပါ

၂၁-၂-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၅)တွင်ပါရှိသော ဗြိတိသျှဂေါက်သီးအကျော် အမော်သုံးဦးသတင်း ဒုတိယအပိုဒ်၌ တင်းနစ်အစား ဂေါက်သီးဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။
စာတည်းအဖွဲ့

THREE FRIENDS CONSTRUCTION CO., LTD.

လုံးချင်းနှင့်အထပ်မြင့်တိုက်များ Supervision စနစ်ဖြင့်ဆောက်လုပ်ပေးခြင်း

(Supervision)စနစ် — Structure Design ...

အရည်အသွေး — ... Civil Engineer ...

ဆောက်သင့်သူများ — ...

ငွေကြေးသင့်သည့်အချက် — ... Supervision စနစ်ဖြင့် ဆောက်လုပ်ခြင်း ...

ကုန်ကျစရိတ် — RC ... ၃% မှ ၁၀% ...

44A(1), ... ☎ 397301, 397303, 391478, 294864, 298341, 396683, 09-50 10289, 09-50 11443

ခနွကစလေးပန်းချီ ☎ 09-51 44172

အဆက်အသွယ်ပြုပါရန်

အိုးအိမ်ဦးစီးဌာနမှ အငြိမ်းစား ဦးသောင်းထွန်း (ကွယ်လွန်)၏ မိသားစုများမှ ဦးသိန်းထွန်း ၂၇၄ ဆိပ်ကမ်းသာလမ်းသို့ ဖုန်း-၂၅၁၂၀၁ ဖြင့် ဆက်သွယ်ပါရန်။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးမြတ်လေးအောင် ၁၀/မဒန(နိုင်)၀၀၇၂၅၅၏ဇနီးမချိုချိုမာ ၁၂/လကန(နိုင်) ၁၂၈၅၃၇၇တို့သည် ၁၃-၈-၂၀၀၂ရက်မှစ၍ အတူတကွ ပေါင်းသင်း နေထိုင်ခဲ့ခြင်းမရှိပါကြောင်းနှင့် ဇနီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းနှင့် ပတ်သက်သော ကိစ္စများကိုလည်း ကျွန်တော်မှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းကြေညာအပ်ပါသည်။

ဦးမြတ်လေးအောင်
၁၀/မဒန(နိုင်)၀၀၇၂၅၅။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်နေ
ဦးချစ်ကိုကို-ဒေါ်မြင့်မြင့်သန်း
(M-6 ဘော်ဒါနှင့်နေ့အထူးသင်တန်း)တို့၏
တစ်ဦးတည်းသောသား

မောင်မြင့်ကိုကိုသန့်

B.Sc(Hons:) M.Sc(Geology)
24 Hour General Services Co.,Ltd:(Yangon)

နှင့်

အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၊ ကိုးသင်းရပ်နေ
ဦးစိုးတင့်-ဒေါ်ကြူကြူစိန် တို့၏သမီးကြီး

မယဉ်မင်းစိုး

B.Sc(Botany)

တို့၏ ၂၁-၂-၂၀၀၉ရက်တွင် အမရပူရမြို့ သိင်္ဂီရွှေဝါခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြင့်ကိုကိုသန့်-မယဉ်မင်းစိုး။

ခေတ္တရာဆရာကျော်

အာကာသ နက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်
ဟောစာတမ်း-အိမ်ပို့သည်။
ဖုန်းဖြင့် ဖြေပေးသည်။
ဖုန်း-၀၁-၅၈၄၆၄၂၊၀၉-၅၁-၅၆၅၃၉၊
ရန်ကုန်ကို ဆက်ပါ။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/ ၅၂၆၂၂ Hensim 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ဌေး ၉/တတဥ(နိုင်) ၀၁၇၂၄၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ ကျောက်ဆည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒိုက်ဦးမြို့နယ်တရားရုံး
၂၀၀၉ ခုနှစ် တရားမကြီးအမှုအမှတ်-၉

မောင်ဇော်ထိုက်	နှင့်	၁။ မောင်တင်ဦး
		၂။ မဌေး
တရားလို		**တရားပြိုင်များ**

မောင်တင်ဦး-မဌေး အမှတ်(၃)ရပ်ကွက်၊ ၅လမ်း၊ ဒိုက်ဦးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက ချေးငွေကျပ် ၈၄၀၀၀၀ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် မတ် ၉ရက် (၁၃၇၀ပြည့်နှစ် တပေါင်းလဆန်း ၁၃ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဦးအောင်ကျော်သူ
ဒုတိယမြို့နယ်တရားသူကြီး
ဒိုက်ဦးမြို့နယ်တရားရုံး။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ မြေတိုင်းရပ်ကွက်၂၅အီး၊ မြေကွက်အမှတ်-၆၃နှင့်၆၄၏ အစိတ်အပိုင်း ဧရိယာ ၀ဒသမ၀၂၆၈ဧ၊ အမှတ်-၂၂သစ်ယာလမ်းရှိမြေကွက်အား ဦးအကျန် ၁၂/လမတ (နိုင်)၀၁၂၃၈၈၄က ဤဦးစီးဌာနသို့ မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဌာနသို့စာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ကြောင်းကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်၃၊ မြေကွက်အမှတ် ၃၁၄၊ မြေကွက်တည်နေရာအမှတ်(၃၁၄)၊ (၃)ရပ်ကွက်၊ ဒဂုံ(အရှေ့) ဦးညွန့်ဆွေ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးညွန့်ဆွေ(၇/ပခန(နိုင်)၀၃၀၉၅၂)က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၄၄၅၁၃ မော်တော်ယာဉ်/မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(လားရှိုး)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှုလွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက် လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄**၌ ကြော်ငြာများနေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါနှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

ဖေဖော်ဝါရီ၁၇ရက်က ဒလမြို့နယ် အမက(၆)ကျောင်း၏ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မသွန်းဟေမန်ဖြိုးအား ဆရာမကြီးဒေါ်စန်းစန်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဟုမ္မလင်းမြို့နယ်စည်ပင် ကျေးလက်ဒေသရေရရှိရေး တွင်းတိမ်များ မွမ်းမံ

ဟုမ္မလင်း ဖေဖော်ဝါရီ ၁၄

ဟုမ္မလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ကတ်သာကျေးရွာနှင့် မှန်ပင်ကျေးရွာရှိ တွင်းတိမ်များ တွင်းဆေးခြင်း၊ ရေမှုတ်သန့်စင်ခြင်းနှင့် လက်နှိပ်တုံကင်များ ပြုပြင်ပေးခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ-၂ ဦးစောမြင့်ဦး ဆောင်ရွက်လျက်ရှိရာသို့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ သန်လျင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ စီစဉ်မှုဖြင့် သန်လျင်မြို့ သိမ်ကျောင်းစာသင်တိုက်ခန်းမ၌ စာဆိုတော်နေ့ အထိမ်းအမှတ်စာပေဆုနှင်းပွဲနှင့် စာပေအနုပညာဟောပြောပွဲကျင်းပရာ လူငယ်ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ဟောပြောစဉ်။ (စာပေနှင့် စာနယ်ဇင်း)

ကျန်းမာရေးပညာပေးနှင့် စာကြည့်တိုက်ရေရှည်ခိုင်မာရေး ပင်လောင်းမြို့နယ်၌ ဟောပြောဆွေးနွေး

ပင်လောင်း ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု မိုးဦးကျေးရွာတွင် ကျန်းမာရေးပညာပေးနှင့် စာကြည့်တိုက်ရေရှည်ရှင်သန် ခိုင်မာရေး ဟောပြောပွဲကို ဇန်နဝါရီ ၃၁ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ တိုးမောင်က ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွင် အရေးအကြီးဆုံးကဏ္ဍဖြစ်သည့် တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် အာဟာရဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီပူးပေါင်းကာ ကျန်းမာရေးပညာပေးမှုများကိုလည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ နီနီဝင်းက ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများကို လည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ စာပေဗဟုသုတများ ဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများရရှိရေးနှင့် စာကြည့်တိုက်ရေရှည်ရှင်သန်ခိုင်မာရေးလုပ်ငန်းများကို ဆွေးနွေးဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

ဆုပေးအပ်ချီးမြှင့်

သာကေတမြို့နယ် အမှတ် (၁၁) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ စာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၁၄ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုနှင့် စတုတ္ထတန်း မြို့နယ်ဘက်စုံထူးချွန်ပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်သူရအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းညွန့်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကျောက်တော်မြို့နယ် ဗီးချောင်းရေလှောင်တမံ ရေထိန်းမျှော်စင်။
(မြန်မာ့အလင်း)

မိုးစပါးအပြင် ဆောင်းသီးနှံ၊ နွေစပါးနှင့် အခြားသီးနှံများပါ တိုးချဲ့စိုက်ပျိုးနိုင်ရေး ရည်ရွယ်

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၌ ဗီးချောင်းရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က ရခိုင်ပြည်နယ် စစ်တွေခရိုင် ကျောက်တော်မြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ဗီးချောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉နာရီက အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ စစ်တွေခရိုင်နှင့် ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှု

စာမျက်နှာ ၈ ကော်လံ ၁

တမံအလျား ပေ၈၄၀ ရှိ တစ်နှစ်ပတ်လုံး သီးနှံများ စိုက်ပျိုးနိုင်မည့် ဗီးချောင်းရေလှောင်တမံမြင်ကွင်း



ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ဗီးချောင်းရေလှောင်တမံကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရခိုင်ပြည်နယ်ကား မိုးများလှသည်။ သို့သော် မိုးရာသီကုန်ဆုံးသည့်အခါ ပူပြင်းခြောက်သွေ့ပြီး တစ်နှစ်ပတ်လုံး သီးထပ်သီးညှပ် သီးနှံစိုက်ပျိုးနိုင်ခြင်း မရှိပေ။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ဗီးချောင်း ရေလှောင်တမံစီမံကိန်းကို ဆောင်ရွက်ခဲ့သည်။

မြေသားတမံ

ဗီးချောင်းရေလှောင်တမံ စီမံကိန်းကို ရခိုင်ပြည်နယ် မဟာမုနိဘုရားမှ နှစ်မိုင်အကွာရှိ ဗီးချောင်းပေါ်တွင် တည်ဆောက်ထားပြီး တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။

သတင်းမြင်ကွင်း	-	ကျော်စိန်
ဓာတ်ပုံမှတ်တမ်း	-	တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု	-	တိုးလွင် (မြန်မာ့အလင်း)

ဗီးချောင်းရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၅-၂၀၀၆ခုနှစ်တွင် စီမံကိန်း စတင်တည်ဆောက်ခဲ့ပြီး တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေထုတ်ပြွန်တည်ဆောက်ခြင်းနှင့် ရေပိုလွှဲတည်ဆောက်ခြင်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းနှင့် ရေအားလျှပ်စစ်ဆောက်လုပ်ခြင်း လုပ်ငန်းတို့ကို အဓိကလုပ်ငန်းကဏ္ဍများအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုလုပ်ငန်းအားလုံး လွယ်ကူလှသည်တော့မဟုတ်ပါချေ။ ခက်ခဲပင်ပန်းစွာ ကြိုးစားတည်ဆောက်ခဲ့ကြရသည်။ စာမျက်နှာ ၉ ကော်လံ ၁

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ရေနွေးကြမ်း နေ့စဉ်ပုံမှန်သောက်သုံးလျှင် လေဖြတ်ခြင်းမှ ကာကွယ်နိုင်ဟု ဆို

တစ်နေ့လျှင် ရေနွေးကြမ်း သုံးခွက်ထက်မနည်း သောက်သုံးသွားပါက လေဖြတ်ခြင်းဖြစ်ပွားမှု လျော့ကျသွားစေနိုင်ကြောင်း ဗြိတိသျှ သုတေသန ပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

လက်တွေ့သုတေသန

တစ်နေ့လျှင် ရေနွေးကြမ်းသုံးခွက် ပုံမှန်သောက်သုံးသူများသည် လေဖြတ်မှု ၂၁ရာခိုင်နှုန်းလျော့ကျသွားစေကြောင်း လက်တွေ့သုတေသနပြုမှုများအရ သိရသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

ရေနွေးကြမ်းသည် ခန္ဓာကိုယ်နှင့် သွေးများအတွင်းမှ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်ပြီး ခန္ဓာကိုယ်အတွင်းမှ မလိုလားအပ်သော အညစ်အကြေးများကို ချွေးများအဖြစ် ပြောင်းလဲသန့်စင်ပေးနိုင်ကြောင်း သိရသည်။

စာမျက်နှာ ၁၃ ကော်လံ ၃

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ပြောရရင် ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ပြီး တက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ ကမ္ဘာ့နိုင်ငံတွေအားလုံးနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နဲ့အညီ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်နေတဲ့ ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ ကမ္ဘာ့ကုလသမဂ္ဂနဲ့ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ရေးဟာလည်း ကျွန်တော်တို့နိုင်ငံ နိုင်ငံခြားရေးမူဝါဒရဲ့ အဓိကမူဝါဒ ဖြစ်ပါတယ်။

ကျော်မင်းလူ(ရွှေပြည်သာ)၏ ဆောင်းပါး စာ - ၁၀-၁၁ တွင် ဖတ်ရှုနိုင်ပါသည်